EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၆) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( အောက်တိုဘာ ၈ ၊ ၂၀၁၈ )



## ညနေဈေးတန်း နေရာအပြောင်းအလဲကြောင့် ဈေးသည်များ ကသီကအောက်ဖြစ်နေ

*မြစ်ကြီးနားမြို့ အမှတ် (၁) နှင့် (၂) ဈေးကြားတွင် ရောင်းချလျက်ရှိသော ညနေခင်းဈေးကြီး*

*ဓာတ်ပုံ - စည်သူ (မြစ်ကြီးနား)*

မြစ်ကြီးနားမြို့၊ အမှတ်(၁)ဈေးနှင့် အမှတ်(၂) ဈေးကြားတွင် ရောင်းချလျက်ရှိသည့် ညနေဈေးကြီးကို ဇော်ဂျွန်းလမ်း (ရေစင်ကွင်းဈေးထိပ်မှ သာသနာ့ဗိမာန်အထိ) ပေါ်သို့ စည်ပင်သာယာရေးဝန်ကြီးဦးနေဝင်း၏ လမ်းညွှန်မှုဖြင့် အပြီးတိုင်ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အထက်ပါဈေးကြီးများတွင် လျှပ်စစ်မီးရရှိပြီဖြစ်သောကြောင့် ဖြစ်ပေါ်လာတတ်သည့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ကား အလွယ်တကူသွားလာနိုင်ရန်အတွက် ယင်းလမ်းပေါ် ရောင်းချနေသည့် ကုန်စိမ်း ဈေးသည်များကို အောက်တိုဘာ ၁ ရက်နေ့က စတင် ပြောင်းရွှေ့စေခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဒုတိယဦးစီးမှူး(ဈေး) ဦးဖြိုးဝေဆန်းက ပြောသည်။

စာ - ၅ သို့ »



## ကြားဖြတ်ရွေးကောက်ပွဲအတွက် မြစ်ကြီးနားမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကျော်ရှိ

အောက်တိုဘာ ၃

လာမည့် နိုဝင်ဘာလ ၃ ရက်တွင် မြစ်ကြီးနားမြို့နယ်၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် နှစ်သိန်းကျော်ခန့်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြစ်ကြီးနားမြို့နယ်တွင် မဲရုံပေါင်း ၁၁၄ ရုံ ထားရှိသွားမည်ဖြစ်ကာ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၂၀၃၆၁၉ ဦးရှိကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

"ဒီလူဦးရေ စာရင်းကို ၁ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ ကပ်ထားပေးမယ်၊ အဲ့ဒီမှာပါတဲ့ နံပါတ်ကအစ မဲပေးတဲ့နေ့

စာ - ၉ သို့ »

## မြစ်ကြီးနား – ပူတာအို ကားခများ သင့်တင့်သည့်ဈေးနှုန်းသတ်မှတ်ပေးစေလို

မြစ်ကြီးနား - ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းတွင် သင့်တင့်သည့် မော်တော်ယာဉ်စီးခနှင့် ကုန်တင်ခများ စနစ်တကျသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆွမ်ပရာဘွမ်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

စာ - ၄ သို့ »

## ဒေသခံများ တရားဝင်ကျောက်စိမ်းရောင်းချခွင့်ရရှိရေး လွှတ်တော်အမတ်အဆိုတင်

စာ - ၄ သို့ »

## အစိုးရအနေနဲ့ တရုတ်ကုမ္ပဏီတွေ ကြီးပွားချမ်းသာတာ မြင်ချင်လား၊ မြစ်ရိုးတစ်လျှောက် အလောင်းပုံတွေကို မြင်ချင်လား၊ ဆုံးဖြတ်ဖို့အချိန်တန်ပြီ

စာ - ၁၇ သို့ »

## Nlung Nnan ကောက်သစ်စားပွဲနှင့် မနောင်ပွဲကြီးကျင်းပတော့မည်မဟုတ်

စာ - ၆ သို့ »



## ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ၂၀၁၈ – ၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်ဝန်ကြီးချုပ်ဟောင်းကကန့်ကွက်

ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ၂၀၁၈ - ၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာဥပဒေကြမ်းကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်းက ကန့်ကွက်လိုက်သည်။

စာ - ၂ သို့ »

## နိုင်ငံများ တည်ထောင်ဖွဲ့စည်းပုံနှင့် သုံးသပ်ချက်များ

M Kawn La ရေးသားသည်

စာ - ၁၈ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( အောက်တိုဘာ ၈ ၊ ၂၀၁၈ )

# ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ၂၀၁၈ – ၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်ဝန်ကြီးချုပ်ဟောင်းကကန့်ကွက်



မြစ်ကြီးနား၊ အောက်တိုဘာ ၅

ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ၂၀၁၈ - ၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာဥပဒေကြမ်းကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်းက ကန့်ကွက်လိုက်သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် ဥပဒေကြမ်းကော်မတီက တင်ပြတောင်းခံထားသည့် မူကြမ်းပါ အချက်အလက်အချို့မှာ နည်းနည်းပါးပါးအတိမ်းအစောင်းရှိကောင်း ရှိနေနိုင်သော်လည်း ပြည်သူများကို တိုက်ရိုက်အကျိုးပြုအောင် ရေးဆွဲထားကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၏ ပြောကြားချက်ကို ကန့်ကွက်လိုက်ခြင်းဖြစ်သည်။

ထိုစကားရပ်နှင့် ပတ်သက်၍ အောက်တိုဘာလ ၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော လွှတ်တော်အစည်းအဝေးတွင် ဦးလဂျွန်ငန်ဆိုင်းက "လွှတ်တော်ကိုယ်စားလှယ်တွေကတောင်မှ ဆွေးနွေးတာကို ကျေနပ်သလား၊ မကျေနပ်သလား။ ထောက်ခံသလား၊ မထောက်ခံသလားဆိုတာကို သိဖို့လိုသလို ဒီလိုမရေးသင့်ဘူးလို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထိုကချင်ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ကြမ်းသည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပုဒ်မ ၁၉၀ (ခ)နှင့်မကိုက်ညီသောကြောင့် ကန့်ကွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဦးလဂျွန်ငန်ဆိုင်းက "ဥပဒေကြမ်းကော်မတီကနေ အစီရင်ခံစာပို့ထားတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေကလည်း ဒီမှာ ဆွေးနွေးကြတယ်။ ဒါကိုဒီမှာ ဘဏ္ဍာဝန်ကြီးကနေပြီးမှ အကြမ်းဖြင်း ရှင်းသွားတယ်" ဟု ဆက်လက်ပြောကြားသွားသည်။

အဆိုပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတင်ပြမှုများကို ထည့်သွင်းပြင်ဆင်ပြီးမှ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများအတိုင်း လုပ်ထုံးလုပ်နည်းများနှင့် အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များသို့ တင်သွင်းရမည်ဖြစ်ကြောင်း ဦးလဂျွန်ငန်ဆိုင်းပြောသည်။

၎င်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကိုထည့်သွင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်း တရားဝင် ထွက်ရှိမလာသေးသော်လည်း ကချင်ပြည်နယ်လွှတ်တော်မှ ဆွေးနွေးချက်များအားလုံးကို အသံဖိုင်များမှ အစ ထိန်းသိမ်းမှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က ပြောကြားလိုက်သည်။

ထိုအပြင် "ဆွေးနွေးချက်တွေထဲမှာ ဝန်ကြီးပေးလိုက်တဲ့ အချက်အလက်တွေကခင်ဗျားတို့ဒီအချက်တွေ၊ဒီအချက်တွေ ပြုပြင်ပေးမယ်ဆိုတာကို စာရွက်စာတမ်းတွေ ခင်ဗျားတို့ဆီကို မရောက်သေးတာအဓိကမို့လား။ ဒီဟာတွေနဲ့ပတ်သက်လို့ မကျေနပ်လို့၊ ကန့်ကွက်ချင်လို့ရှိရင် ဝန်ကြီးအနေနဲ့ဖြေကြားလို့ရရင် ဖြေကြားပါ။ ဖြေကြားလို့မှ မကျေနပ်လို့ရှိရင်တော့ မဲခွဲဆုံးဖြတ်မယ်"ဟု ဥက္ကဋ္ဌဦးထွန်းတင်က ဆက်လက်ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ "ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြတောင်းခံမှုတွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနဲ့အညီလေလွင့်ဆုံးရှုံးမှုမရှိစေရန် ပြန်လည်စိစစ်ပြီး လွှတ်တော်ကို ပြန်လည် တင်သွင်းသွားမှာဖြစ်ပါတယ်"ဟု ဦးဝေလင်းက ပြောသည်။

ကချင်ပြည်နယ် လွှတ်တော်တွင် မဲပေးခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ၅၃ ဦးရှိကြောင်း လွှတ်တော်ရုံး၏ စာရင်းဇယားများအရ သိရသည်။

ဆိုင်း (ကချင်မြေ)

MORNING STAR COMPUTER TRAINING CENTER

ကွန်ပျူတာ ပြုပြင်
မိတ္တူ၊ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

Available Course
- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။


contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၇:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်



မြစ်ကြီးနားမြို့ပြင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧည့်ကြင်ဝန်ဆောင်မှုပေးနေပါသည်
လက်မှတ်အကျောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် 01-510921, 09-421087976, 09799654210
ရန်ကုန် 09-453196492, 09-453196493
VIP 2+1 အထူးအကောင်းဆုံးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# မြစ်ကြီးနားမြို့ပတ်လမ်းကို ပြုပြင်မွမ်းမံလျှင် ကျပ်သန်းပေါင်း နှစ်ထောင်ကျော်ကုန်ကျမည်ဟု စည်ပင်ဝန်ကြီးခန့်မှန်း




အောက်တိုဘာ ၅

မိုးကောင်းဘက်မှ မြစ်ကြီးနားမြို့အဝင် "ကြိုဆိုပါ၏" ဆိုင်းဘုတ်မုခ်ဦးမှ မြို့ပတ်လမ်း (ရွှေလမ်းမကြီး) စက်မှုလယ်ယာ ကုန်းဆင်းအထိ လမ်းပိုင်းကို ပြုပြင်ပေးရန် အစီအစဉ် ရှိမရှိနှင့် ပတ်သက်၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်နယ် လွှတ်တော်တွင် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခဲ့သည်။ အောက်တိုဘာလ ၄ ရက်က ကျင်းပသည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ရန်နောင်မြင့်က မေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ လမ်းပိုင်းတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းကွေ့နေရာများကို လမ်းဖြောင့်အောင် ပြုပြင်ပေးရန်၊ ပျက်စီးနေသောတံတားလက်ရန်းများကို ပြုပြင်ပေးရန်၊ လမ်းဘေး ခြုံပုတ်များကို ခုတ်ထွင်ရှင်းလင်းပေးရန်နှင့် ညအချိန်လမ်းမီးများ ထွန်းညှိပေးရန် အစီအစဉ်တို့ကို မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ယခင်က ရွှေလမ်းမကြီးကို အသုံးပြုမှုနည်းပါးခဲ့သော်လည်း ယခုအချိန်တွင် မြစ်ကြီးနားမြို့၏ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးနောက် ထိုလမ်းမကြီးမှ ရန်ကုန်၊ မန္တလေး၊ မိုးညှင်း၊ မိုးကောင်းနှင့် တနိုင်းမြို့များသို့ သွားလာသည့်အဝေးပြေးကားများ အသုံးပြုမှု ပိုမိုများပြားလာကြောင်း ဗိုလ်ကြီးရန်နောင်မြင့်က ပြောသည်။

ယာဉ်ကြီး၊ ယာဉ်ငယ်၊ သုံးဘီးဆိုင်ကယ်များနှင့် မော်တော်ဆိုင်ကယ်များလည်း နေ့စဉ် ၎င်းလမ်းမကြီးကို အသုံးပြုသွားလာ နေတာကို တွေ့ရှိရပါတယ်။ ထိုသို့ မော်တော်ယာဉ် အသုံးပြုမှု များပြားလာသော ရွှေလမ်းမကြီးပေါ်တွင် လမ်းများ ကျဉ်းမြောင်းနေပြီး ယာဉ်များအချင်းချင်းတွေ့ဆုံပါကလည်း ရှောင်တိမ်းရန် ခက်ခဲကာ လမ်းကွေ့နေရာများသည်လည်း ယာဉ်အန္တရာယ်မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်။"ဟု ဗိုလ်ကြီး ရန်နောင်မြင့်က တင်ပြခဲ့သည်။

ထိုလမ်းပိုင်းရှိ မြဝတီ ထပ်ဆင့်လွှင့်ရုံနှင့် ဆောက်လုပ်ရေးတပ်အနီး လမ်းကွေ့နေရာ၊ စာရင်းရုံး လမ်းခွဲအနီး၊ ဘုမ္မောရပ်ကွက်အနီး လမ်းအကွေ့နေရာများတွင် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းဖြောင့်ပေးရန် လိုအပ်နေကြောင်း ၎င်းက မေးမြန်းခဲ့သည်။

ထို့အပြင် ရွှေလမ်းမကြီး လမ်းဘေးဝဲယာတွင် ချုံပုတ်များ ထူထပ်စွာပေါက်ရောက်နေပြီး ညအခါ ချုံပုတ်များကို အကာအကွယ်ယူ၍ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဒုစရိုက်သမားများပေါများကာရွှေလမ်းမကြီး၌ လူခြေတိတ်ချိန် သွားလာသူများကို ရိုက်နှက်လုယက်မှုများဖြစ်ပွားနိုင်သည်ဟုလည်း တင်ပြခဲ့သည်။

၎င်း၏ တင်ပြမှုနှင့်စပ်လျဉ်း၍ စည်ပင်သာယာရေး ဝန်ကြီးဌာနက အဆိုပါမြို့ပတ်လမ်းသည် မန္တလေး၊ မိုးညှင်း၊ မိုးကောင်း စသည့်မြို့နယ်များမှ မော်တော်ယာဉ်ကြီးများ ဝင်ရောက်သည့် လမ်းဖြစ်သဖြင့် လမ်းအကျယ် ၂၄ ပေ၊ တန် ၆၀ ခံကတ္တရာလမ်းအဖြစ် တိုးချဲ့ရန် လိုအပ်နေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

လက်ရှိအနေအထားတွင် ယင်းမြို့ပတ်လမ်းသည် လမ်းအကျယ် ၁၈ ပေ၊ ၁၃ တန်ခံနိုင်သည့်လမ်းဖြစ်ပြီး ယင်းလမ်းပေါ်တွင် ပေ ၂၀ ခန့်ရှိသည့် တံတားသုံးစင်း ဆောက်လုပ်ထားကြောင်း သိရသည်။

အဆိုပါလမ်းကို လက်ရှိအနေအထားမှ ၂၄ ပေအကျယ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းခြေ ၂၂၅၇ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းလမ်းအတွင်း တံတား သုံးစင်းရှိပြီး ပေ ၂၀ အကျယ်မှ ပေ ၃၀ အကျယ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ၃၇ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ လမ်းပေါ်ရှိ လမ်းမီးများတပ်ဆင်ခြင်းအတွက် ငွေကျပ် ၈၂ သန်း ကုန်ကျမည် ဖြစ်ကြောင်း ယင်းလမ်းအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ၂၃၇၆ သန်း ခန့်ကုန်ကျမည်ဟုခန့်မှန်းထားကြောင်း စည်ပင်သာယာရေး ဝန်ကြီး ဦးနေဝင်းကပြန်လည် ဖြေကြားခဲ့သည်။

"မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် မူလလျာထားချက်အရကျပ်သန်းပေါင်း ၃၂၀၅ သန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၄၈၄ သန်းဖြစ်ရာ အဆိုပါမြို့ပတ်လမ်းကို တိုးချဲ့ပြုပြင်ဆောင်ရွက်ရန်အတွက် မြစ်ကြီးနားမြို့စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ရန် လုံလောက်မှုမရှိပါဘူး။ ဒါကြောင့်မို့လို့ ကချင်ပြည်နယ်အစိုးရမှ ရန်ပုံငွေရရှိနိုင်ရေးအတွက် တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု ဦးနေဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် လမ်းဘေးခြုံပုတ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ယခုအခါ မိုးကာလကုန်ဆုံးပြီဖြစ်ပါ၍ စည်ပင်သာယာရေးအဖွဲ့က ခုတ်ထွင်ရှင်းလင်းခြင်းများကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်းလည်း ပြန်လည်ဖြေကြားခဲ့သည်။

မြစ်ကြီးနားမြို့အဝင် "ကြိုဆိုပါ၏" ဆိုင်းဘုတ်မုခ်ဦးမှ စက်မှုလယ်ယာကုန်းဆင်း အထိ ၃ မိုင်နှင့် ၇ ဖာလုံ ခန့်ရှိကြောင်း သိရသည်။

Salai

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဖားကန့် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊
ဂျာစင်မိုင်(Ann)၊
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။

# ဒေသခံများ တရားဝင်ကျောက်စိမ်းရောင်းချခွင့်ရရှိရေး လွှတ်တော်အမတ်အဆိုတင်



မြစ်ကြီးနား၊ အောက်တိုဘာ ၂

ဖားကန့်ဒေသမှ ကျောက်စိမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများကို မန္တလေးမြို့နှင့် နေပြည်တော်တွင် တရားဝင်ရောင်းခွင့်ပေးရန် အစီအစဉ်ရှိမရှိနှင့်ပတ်သက်ပြီး ဖားကန့်လွှတ်တော်ကိုယ်စားလှယ် ဦးလဆိုင်းက ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ဖားကန့်မြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါရှိုလဆိုင်းက "ကျွန်တော်တို့ ဖားကန့်ဒေသမှာဆိုရင် တန်ဖိုးကြီးမားတဲ့ကျောက်စိမ်းတွေက နေ့စဉ်ထွက်ရှိနေပါတယ်။ ဒီလိုထွက်ရှိနေလို့လည်း တရားမဝင်လမ်းကြောင်းတွေက သွားနေတာ မကြာခဏ မြင်တွေ့နေရပါတယ်။ လွတ်လပ်စွာ သယ်ဆောင်ခွင့်ရရှိဖို့ကို မည်သို့မည်ပုံဆောင်ရွက်ပေးနိုင်ပါသလဲ။ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးမယ်ဆိုရင် အခွန်တွေရရှိမှာဖြစ်ပါတယ်"ဟု အောက်တိုဘာလ ၂ ရက်နေ့က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည်။

ထိုသို့ ပြည်သူ့ကိုယ်စားမေးမြန်းရခြင်းသည် ကုန်သည်များအနေဖြင့် တရားမဝင်လမ်းကြောင်းမှ သွားရောက်ရာတွင် ပေးကမ်းရသည့်တရားမဝင်ကုန်ကျငွေများကို နှစ်ဦးနှစ်ဖက်မျှတသည့် အခွန်စနစ်ဖြင့် အစိုးရကို အခွန်ဆောင်ကာ လွတ်လွတ် လပ်လပ်သွားလာလိုကြ၍ဖြစ်ကြောင်း ဦးဒါရှိုလဆိုင်းက ရှင်းပြပြောဆိုသည်။

"သူတို့တွေကလည်း အခွန်ထမ်းပြည်သူ ဖြစ်ချင်တယ်။ မဆို/ဆိုလည်း တခြားနည်းလမ်းတွေနဲ့ သယ်ဆောင်နေကြတာ ဖြစ်နေတော့ သူတို့အနေနဲ့လည်း တရားဥပဒေလမ်းကြောင်းကနေ သွားချင်တာပေါ့။ ဒေသခံတွေက မေးခွန်းမေးပေးပါဆိုလို့ကျွန်တော်မေးတာပါ"ဟု ဦးဒါရှိုလဆိုင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က ထိုအရေးများနှင့် ပတ်သက်ပြီး ၎င်းအနေဖြင့် ဆောင်ရွက်ခြင်းမရှိကြောင်း၊ ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဆောင်ရွက်ကြောင်း၊ လက်ရှိအချိန်တွင် ကျောက်မျက်ဥပဒေပါ စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဆောင်ရွက်ရကြောင်းပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကျောက်မျက်ရတနာဥပဒေအရ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို ရာဖြတ်အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ပြသပြီး မှတ်ပုံတင်ရကြောင်း၊ ဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်၍ ပြည်တွင်း၌ သတ်မှတ်ချက်နှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိပြီး မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ၊ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း ဖြေကြားခဲ့သည်။

ယင်းအပြင် မြန်မာ့ကျောက်မျက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၁၃) ပုဒ်မ အပိုဒ်ခွဲ(က)တွင် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း(သို့) တစ်နည်းနည်းဖြင့် ရယူခြင်း ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် ပစ္စည်းကိုဖြစ်စေ၊ လိုင်စင်မရှိဘဲ ဆိုင်ခန်းဖွင့်လှစ်ရောင်းချခြင်းများကို ခွင့်မပြုကြောင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်းသာ ဆောင်ရွက်ခွင့်ပြုကြောင်းလည်း ဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာ့ကျောက်စိမ်းများသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာဘီလီယံ ၇၀ ခန့်တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထွက်နေသည်ဟု ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်တွင် ပြောကြားထားကြောင်း သိရပြီး တစ်ရက်လျှင် ၁၀ ဘီးကား ၁၂ စီးခန့် တရားမဝင် ထွက်ရှိနေသည်ဟုလည်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားထားသည်။

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနား – ပူတာအို ကားခများ သင့်တင့်သည့် ဈေးနှုန်းသတ်မှတ်ပေးစေလို

မြစ်ကြီးနား၊ အောက်တိုဘာ ၅

မြစ်ကြီးနား - ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းတွင် သင့်တင့်သည့် မော်တော်ယာဉ်စီးခနှင့် ကုန်တင်ခများ စနစ်တကျသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆွမ်ပရာဘွမ်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

အောက်တိုဘာလ ၄ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ဦးဇော်ဒွဲက မေးမြန်းခဲ့ခြင်းဖြစ်ကာ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းသည် ယခင်ကားလမ်းများကောင်းမွန်မှုမရှိခဲ့စဉ်က မြစ်ကြီးနားနှင့် ၅၃ မိုင်အကွာ တီယန်ဇွပ်ရွာသို့ ကားခ ၆၀၀၀ ကျပ်ခန့် ကောက်ခံခဲ့ပြီး ယခုအချိန်တွင် တီယန်ဇွပ်သို့ လူတစ်ဦးလျှင် ကျပ် ၁၅၀၀၀ - ၁၇၀၀၀ ခန့်ကောက်ခံမှုများ ရှိနေသည်ဟု ဒေသခံများ၏ ပြောကြားချက်အရ သိရကြောင်း ဦးဇော်ဒွဲ၏ မေးမြန်းချက်တွင် ပါဝင်သည်။

"အခု မြစ်ကြီးနား - တီယန်ဇွပ်မှာဆိုရင် အရင်က ၃ နာရီလောက်မောင်းရပြီး အခုဆိုရင် တီယန်ဇွပ်ကို တစ်နာရီခွဲလောက်နဲ့ ကားလမ်းလည်း ချောချောမောမောနဲ့ ရောက်ပြီဖြစ်ပါတယ်။ အခုဆိုရင် ကားသမားတွေက သူတို့လိုသလောက် ကြိုက်သလောက် အဆမတန်တောင်းနေတယ်လို့သိရပါတယ်။ လူတစ်ဦးကို တီယန်ဇွပ်ကို တစ်သောင်းခွဲ၊ တစ်သောင်းခုနှစ်ထောင် အဲ့လိုကောက်ခံရတယ်လို့ သိရပါတယ်။ ပြည်သူတွေက ဒါကို မြစ်ကြီးနား - တီယန်ဇွပ် - ဆွမ်ပရာဘွမ် - ပူတာအိုအထိ ကိုကားခကို ဈေးနှုန်းချိုသာစွာနဲ့ သတ်မှတ်ပေးဖို့ လွှတ်တော်မှာဆွေးနွေးတင်ပြပေးဖို့ တောင်းဆိုကြတဲ့အတွက် မြစ်ကြီးနား-ပူတာအို ပြေးဆွဲနေတဲ့ မော်တော်ယာဉ်တွေကို စည်းစနစ်တကျပြေးဆွဲဖို့ ကွပ်ကဲပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်"ဟု ဦးဇော်ဒွဲက မေးမြန်းခဲ့သည်။

အဆိုပါ မေးမြန်းမှုနှင့် စပ်လျဉ်း၍ မြစ်ကြီးနား - ပူတာအို လမ်းကြောင်းတွင် ခရီးသည်တစ်ဦးလျှင် ၄၀၀၀၀ ကျပ်ဖြစ်ပြီး ကုန်စည်တန်ဆာခနှုန်းမှာ ကုန်အကျစ် တစ်ပိဿာလျှင် ၃၀၀ကျပ်နှင့်ကုန်ပွတစ်ပိဿာလျှင် တစ်ထောင်ကျပ်နှုန်းဖြစ်သည်ဟုလည်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့သည်။

"ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းမှာ မြစ်ကြီးနား - တီယန်ဇွပ်အတွင်းပြေးဆွဲသည့် ယာဉ်များသည် သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံခြင်းရှိ/မရှိနဲ့ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းကြောင်းတွင် ပြေးဆွဲသည့် ယာဉ်အသင်းများ သတ်မှတ်ယာဉ်စည်းကမ်းနှုန်းအတိုင်း ကောက်ခံမှုရှိ/မရှိကို လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းရေးဌာနသို့ စိစစ်တင်ပြပြီးဖြစ်ပါတယ်"ဟု လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနက ပြန်လည် ဖြေကြားခဲ့သည်။

ထို့အပြင် ယခုအခါတွင် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် သင့်တင့်သော ဈေးနှုန်းသတ်မှတ်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုထိ ပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းများနှင့် ကုန်စည်ပို့ဆောင်ရေး အသင်းများအတွက် ယာဉ်ဈေးနှုန်း၊ ကုန်စည်ပို့ဆောင်ရေးနှုန်းထားများ ညှိနှိုင်းသတ်မှတ်ပြီးပါက သတ်မှတ်နှုန်းထားများ အတိုင်း ကောက်ခံရေးနှင့် လိုက်နာမှုမရှိကြောင်း စစ်ဆေးပေါ်ပေါက်ပါက ကချင်ပြည်နယ် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ရှင်းလင်းပြောဆိုခဲ့သည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းကြောင်းတွင် ခရီးသည်/ကုန်စည် ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း ၆ သင်းနှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်အသင်း ၂ သင်း ပြေးဆွဲလျက်ရှိကြောင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

Salai

# ညနေဈေးတန်း နေရာအပြောင်းအလဲကြောင့် ဈေးသည်များ ကသိကအောက်ဖြစ်နေ



အောက်တိုဘာ ၄

မြစ်ကြီးနားမြို့၊ အမှတ်(၁)ဈေးနှင့် အမှတ်(၂) ဈေးကြားတွင် ရောင်းချလျက်ရှိသည့် ညနေဈေးကြီးကို ဇော်ဂျွန်းလမ်း (ရေစင်ကွင်းဈေးထိပ်မှ သာသနာ့ဗိမာန်အထိ) ပေါ်သို့ စည်ပင်သာယာရေးဝန်ကြီးဦးနေဝင်း၏ လမ်းညွှန်မှုဖြင့် အပြီးတိုင်ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အထက်ပါဈေးကြီးများတွင် လျှပ်စစ်မီးရရှိပြီဖြစ်သောကြောင့် ဖြစ်ပေါ်လာတတ်သည့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ကား အလွယ်တကူ သွားလာနိုင်ရန်အတွက် ယင်းလမ်းပေါ် ရောင်းချနေသည့် ကုန်စိမ်း ဈေးသည်များကို အောက်တိုဘာ ၁ ရက်နေ့က စတင် ပြောင်းရွှေ့စေခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဒုတိယဦးစီးမှူး(ဈေး) ဦးဖြိုးဝေဆန်းက ပြောသည်။

"ညနေ သုံးနာရီလောက်ဆိုရင်လမ်း အများပြည်သူသွားတဲ့လမ်း (ဇေရာဝတီဘဏ်ရှေ့လမ်း)မှာ ပိတ်နေတာကိုး။ ဈေးကို မီးပေးထားတဲ့အခါကျတော့ မီးသတ်ကားက အချိန်ပြည့်သွားလာနိုင်ရမယ်။ အဲဒီအတွက်ကို ရည်ရွယ်ပြီးတော့ လုပ်တာ"ဟု ဦးဖြိုးဝေဆန်းက ရှင်းပြသည်။

ယင်းသို့ပြောင်းရွှေ့စေခိုင်းခြင်းကြောင့် ဈေးသည်များအနေဖြင့် လတ်တလောတွင် အခက်ကြုံနေရပြီး ကုန်သည် ၄၀၀ ခန့်မှာ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်ဟုလည်း သံလမ်းရိုးမှ လာရောက်ရောင်းချသည့် ကုန်စိမ်းဈေးသည် ဒေါ်အေးက ပြောသည်။

"ကျွန်မတို့က အောက်ပိုင်းသံလမ်းရိုးကနေ ကုန်စိမ်းလာရောင်းချတာပါ။ ဈေးကြီးလမ်းမှာ ညနေဈေးဖွင့်လှစ်ရောင်းချတာကိုရပ်ဆိုင်းလိုက်ပြီးဈေးမြောက်ဘက်မှာရှိတဲ့ ခရေပင်လမ်းကို ရွှေ့ခိုင်းပါတယ်။ ခရေပင်လမ်းမှာလည်း နဂိုဈေးသည်တွေ ရှိနေပြီးသားနဲ့ ဒီကဈေးသည်တွေ ထပ်ရွှေ့တော့ နေရာမလုံလောက်တဲ့အပြင် တချို့အိမ်ရှင်တွေက အိမ်ရှေ့ပေါက်အပိတ်မခံတော့ ဈေးရောင်းဖို့ အခွင့်အရေးမရပါဘူး။ ရောင်းကုန်ကလည်း ကုန်စိမ်းဆိုတော့ အရှုံးဘက်ကိုများနေပါပြီ။ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့အခြေအနေမှာ ခုလိုမစဉ်းစားပဲလုပ်တာတော့ မကောင်းပါဘူး။ ရောင်းချိန်ကလည်း အချိန်ပိုင်းလေးရယ်ပါ" ဟု ဒေါ်အေးက သူမ၏အခက်အခဲကို ရှင်းပြသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဦးဖြိုးဝေဆန်းက လက်ရှိအခြေအနေတွင် နဂိုရှိဈေးသည်များတင်မဟုတ်ဘဲ ဈေးသည်အသစ်များပါ လာရောက်နေရာဦးခြင်းများ ရှိနေခြင်းကြောင့် ပြောင်းရွှေ့ရန် ကြန့်ကြာနေသည်ဟုလည်း ဆိုသည်။

"ရပ်ကွက်ဈေးကတွေ၊ သံလမ်းရိုးကသူတွေ ဒီမှာအရင်တုန်းက လာမရောင်းတဲ့သူတွေနေရာလာဦးလို့ ကြန့်ကြာသွားတာ။ ရွှေ့တဲ့အချိန်မှာလည်း ဈေးသည် ၁၅ ဦးကို ဦးဆောင်လုပ်ခိုင်းလိုက်တာ။ အသစ်တိုးလာမှာစိုးလို့။ သူတို့ပဲသိတယ်လေ"ဟုလည်း ဦးဖြိုးဝေဆန်းမှ ရှင်းပြသည်။

အဆိုပါ ညနေဈေးကို ပြောင်းရွှေ့ပေးရန် စက်တင်ဘာလ ၂၅ ရက်နေ့က အသိပေးကြေညာခဲ့ပြီး အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ပြောင်းရွှေ့နေခြင်းဖြစ်သည်ဟုလည်း သိရသည်။

ယင်းဈေးတွင် မြစ်ကြီးနားမြို့မှထွက်ရှိသည့် ဒေသထွက်အသီးအနှံများနှင့် အခြေခံစားသောက်ကုန်များအပြင် ကချင်ပြည်နယ်အတွင်းရှိ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင် စသည့်မြို့များမှ ဒေသထွက်အသီးအနှံများနှင့် မန္တလေး၊ တောင်ကြီး အစရှိသည့် ရပ်ဝေးမြို့များမှ ထွက်ရှိသည့် အသီးအနှံများကို ညနေ ၅နာရီခန့်မှ ည ၇နာရီခွဲခန့်အထိ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချပေးသည့် ပင်မဈေးကြီးတစ်ခုဖြစ်ပြီး ဈေးသည် ၇၀၀ ခန့် ရောင်းချလျက်ရှိသည်။

စည်သူ(မြစ်ကြီးနား)
ကျော်သက်ဦး







## Editorial
## အယ်ဒီတာ့အာဘော်

# ပြည်သူ့အကြိုက်ထက် ပြည်သူ့အကျိုးပြုမေးခွန်းများကို မေးပါ

မြန်မာနိုင်ငံမှာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပြီးတဲ့နောက် ကိုယ်စားလှယ်အများစု အနိုင်ရလိုက်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ပြီးကျင်းပတဲ့ လွှတ်တော်တွေကို ပြည်သူတွေ ပထမဆုံးမြင် တွေ့ခွင့်ရခဲ့ပါတယ်။ ပထမဆုံးအကြိမ် ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးတွေမှာပဲ ဝန်ကြီးတွေ၊ သမ္မတတွေကို အသီးသီး ရွေးချယ်တင်မြှောက်ကြပြီး ဥပဒေပြုရေးမဏ္ဍိုင်ကို စတင်လည်ပတ်ပါတယ်။

တစ်ပါတီတည်းသားချင်းတွေနဲ့ စုဖွဲ့ထားတဲ့ အစိုးရယန္တရားလည်ပတ်မှုတွေ စတင်တဲ့အခါ ဥပဒေပြု မဏ္ဍိုင်ရဲ့ အားသာချက်တွေကို တွေ့ခဲ့ရသလို ပျက်လုံးထုတ်သလို မေးခွန်းတွေနဲ့ အဖြေတွေက မဖြစ်သင့်၊ မဖြစ်နိုင်မှန်းသိသိနဲ့ ပြည်သူတွေကို မသိမသာ မျက်နှာလုပ်ပြီး မေးမြန်းဖြေဆိုနေကြတာကိုလည်း တွေ့ခဲ့ရပါတယ်။

ပြည်ခိုင်ဖြိုးအစိုးရလက်ထက် ပထမအကြိမ် လွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ် တော်နဲ့ပြည်သူ့လွှတ်တော်တွေကို ၁၃ ကြိမ်စီလောက် ကျင်းပခဲ့ပါတယ်။ အခု ဒုတိယအစိုးရရဲ့ လက်ထက်မှာတော့ နှစ်နှစ်ကျော်အတွင်း လွှတ်တော်ကျင်းပခဲ့တာ ကိုးကြိမ်စီလောက်ရှိပါပြီ။ ကိုယ့်ပါတီထဲက ကိုယ်စားလှယ်တွေကို ဝန်ကြီးတွေခန့်၊ အဲဒီဝန်ကြီးတွေကို တစ်ပါတီတည်း ကိုယ်စားလှယ်တွေက မေးခွန်းတွေပြန်ထုတ်နဲ့ လွှတ်တော်အစည်းအဝေးတွေကိုကြည့်ရတာ ဇာတ်တိုက်ပြီးပြည်သူကိုကြွားလုံးထုတ်နေသလို ခံစားရပါတယ်။

တစ်ပတ်ဆယ်ရက်လောက်ကြိုတင်မေးမြန်းထားတဲ့မေးခွန်းတွေကိုအောက်လက်ဌာနတွေမှာအချက်အလက်တွေတောင်းခံပြီး ဖြေဆိုနေကြတာဟာ တကယ့်ကို စည်းဝါးကိုက်လှပါတယ်။ ဘယ်လမ်းမကြီးကိုဖြင့် ကျပ်သန်းပေါင်း ဘယ်လောက်အကုန်အကျခံ လုပ်ခဲ့ပါတယ်။ ဘာကြီးကိုတော့ ဘယ်လောက်အကုန်အကျခံ လုပ်ခဲ့ပါတယ်ဆိုတဲ့ မေးခွန်းရဲ့အဖြေတွေက အမှန်တကယ်လိုအပ်လို့ ပြောနေ၊ မေးနေကြတာမဟုတ်ဘဲ ပြည်သူတစ်စုရဲ့ ဆန္ဒကို ကိုယ်စားပြုပြီး အမှတ်ရအောင် မေးပြနေသလိုပါ။

အရင်အစိုးရလက်ထက်ကဆို တောင်ပေါ်က အမတ်တွေက မြစ်ကြီးနားထောင်မှာ လူဦးရေဘယ်လောက်ရှိပါသလဲ မေးလို့မေး၊ မြစ်ကြီးနားမြို့က သံလမ်းကူးနေရာ ၇ ခုမှာ ကုန်းကျော်တံတား ဆောက်ဖို့အစီအစဉ်ရှိ မရှိဆိုတာတွေကို မေးမြန်းတာတွေ့ဖူးပါတယ်။ အဲလိုမေးမြန်းတာတွေရှိသလို မဲခွဲဆုံးဖြတ်တဲ့နေရာမှာ ကြားနေမဲတွေ၊ ပယ်မဲတွေဖြစ်အောင် လုပ်ခဲ့ကြတဲ့ လွှတ်တော်အမတ်တွေကိုပါ တွေ့ဖူးပါတယ်။

အခုအစိုးရလက်ထက်မှာလည်း ထိုနည်းလည်းကောင်း ဇာတ်တိုက်ထားတဲ့ မေးခွန်းတွေနဲ့ အဖြေတွေကို ကြားခဲ့ရပါတယ်။ မေးမြန်းသူကိုယ်တိုင် မဖြစ်နိုင်မှန်းသိပါလျက် ပြည်သူ့ဆန္ဒကို ရှေ့တန်းတင်မေးကြ၊ ကျန်တဲ့ ကိုယ်စားလှယ်တွေကလည်း သူတင်ပြတာကို ကန့်ကွက်ရင် ပြည်သူ့အမုန်းခံရမှာစိုးတော့ အတည်ပြုထောက်ခံကြနဲ့ တကယ့်လုပ်ဇာတ်လိုလိုပါပဲ။ လွှတ်တော်ထဲမှာ အောင်မြင်ပြီး အပြင်ကိုရောက်မလာတဲ့ အဆိုတွေ၊ မေးခွန်းတွေလည်းရှိခဲ့ပါတယ်။

အခုတလောဆိုရင် ပြည်နယ်လွှတ်တော်က Agenda မှာ မေးခွန်းမေးမြန်းမှုတွေ ပိုများလာတာကို တွေ့ရပါတယ်။ အရင်က တစ်မျက်နှာ၊ နှစ်မျက်နှာလောက်ပဲရှိတဲ့ အခမ်းအနားအစီအစဉ်စာရွက်မှာ အခုဆို ငါးမျက်နှာလောက်အထိ မေးမြန်း၊ တင်ပြတာတွေ့ရပါတယ်။

ပြည်သူကို မျက်နှာလိုအားရလုပ်ပြီး လက်တွေ့မဆန်ဘဲ အမှတ်ယူ မေးနေကြတာတွေကိုလျှော့ပြီး ရွေးကောက်ပွဲမတိုင်ခင်က ပြုခဲ့တဲ့ကတိကဝတ်တွေကို ပြန်သတိရဖို့လိုပါပြီ။ ပြည်သူအနည်းစု သိချင်နေတဲ့ အပေါ်ယံ မေးခွန်းတွေထက် ပြည်သူအများစု ကြားချင်နေတဲ့ မဲဆွယ်စည်းရုံးစဉ်က ကတိကဝတ်တွေကို ဖြည့်ဆည်းဖို့ လိုအပ်နေပြီဆိုတာ ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၈ ၊၂၀၁၈)

# ပေငါးထောင်ကျော်ရှည်သည့် ကန်ပိုက်တီမြို့ပတ်လမ်းကို ယခုအစိုးရ၏ လက်ကျန်သက်တမ်းတွင် ကွန်ကရစ်လမ်းခင်းပေးနိုင်ရမည်

မြစ်ကြီးနား၊ အောက်တိုဘာ ၄

ပေ ငါးထောင်ကျော်ရှည်သည့် ကန်ပိုင်တီမြို့ပတ်လမ်းကို ယခုအစိုးရ၏ ကျန်ရှိနေသေးသည့်သက်တမ်းတွင်ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် လွှတ်တော်အမတ်တစ်ဦးက ပြည်နယ်လွှတ်တော်တွင်အဆိုတင်သွင်း ဆွေးနွေးခဲ့သည်။

အောက်တိုဘာလ ၂ ရက်နေ့က ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် ဝိုင်းမော်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်က အဆိုတင်သွင်းဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ဝိုင်းမော်မြို့နယ်အတွင်းရှိ ကန်ပိုက်တီမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည့်အပြင်၊ ပြည်နယ်၏ မျက်နှာဖုံးမြို့လည်းဖြစ်သည့်အတွက် အဆိုပါမြို့နှင့်ပတ်သက်လျှင် အစိုးရအဖွဲ့များက ပေါ့ပေါ့တန်တန်မနေသင့်ကြောင့် ဦးနော်လီကဖင်း၏အဆိုတွင် ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

"ကန်ပိုက်တီမြို့ကို အားလုံးက ပစ်ထားလို့မရပါဘူး။ အခုအဲဒီနေရာမှာ တာဝန်ကျနေတဲ့ ဝန်ထမ်းတွေဆိုရင် ကချင်အထူးဒေသအဖွဲ့က ဆောက်လုပ်ထားတဲ့ အဆောက်အဦတွေမှာပဲ နေထိုင်နေနေရပါသေးတယ်"ဟု ဦးနော်လီပြောသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ၏ အဆိုနှင့်ပတ်သက်ပြီး ကန်ပိုက်တီမြို့သည် မြို့နယ်ခွဲတစ်မြို့ဖြစ်သည့်အပြင် ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ စည်ပင်ဝန်ထမ်းများကို ခန့်အပ်နိုင်ခြင်းမရှိသေးသည့်အတွက် စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားနိုင်မည်မဟုတ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဦးနေဝင်းက ပြန်လည်ဖြေကြားပေးခဲ့သည်။

"ကျွန်တော်တို့ရဲ့ စည်ပင်သာယာရေးအဖွဲ့က မြို့နယ်တိုးတက်ရေးကို ဆောင်ရွက်ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ၆. ၅. ၂၀၁၈ ခုနှစ်မှာ ကန်ပိုက်တည်မြို့ကို ရောက်ပါတယ်။ ကန်ပိုက်တည်ကိုရောက်တော့ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီများနဲ့ တွေ့ဆုံရာမှာ မြို့ပတ်လမ်းဟာ တကယ်တော့ အရေးကြီးတဲ့လမ်းလေး တစ်ခုဖြစ်ပါတယ်။ ဆေးရုံ၊ ကျောင်း၊ စုပေါင်းရုံးတို့က ဒီမှာရှိပေမယ့် လမ်းကအတော်လေး စုတ်ပြတ်နေတာတွေ့ခဲ့ရပါတယ်"ဟု ဝန်ကြီး ဦးနေဝင်းက ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာရေးအဖွဲ့ကို တစ်ဘီလီယံ လျာထားပေးခဲ့ပြီဖြစ်ကာ ထို လျာထားငွေများဖြင့် ဝေးလံခေါင်းပါးပြီး ဝင်ငွေမရှိ၊ ဝင်ငွေနည်းပါးသည့်မြို့နယ် ၁၁ မြို့နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းစည်ပင်ဝန်ကြီးက ဖြည့်စွက်ဖြေကြားခဲ့သည်။

ယခု ၂၀၁၈ - ၁၉ ဘဏ္ဍာရေးနှစ်တွင် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က တစ်သျှူးငှက်ပျောစိုက်ပျိုးမှုများမှ ရရှိသည့်အခွန်များအပါအဝင် မူလလျာထားငွေမှာ ကျပ်သန်းပေါင်း ၁၄၀၀ လျာထားပြီး ထိုလျာထားငွေပမာဏကျော်လွန်ရရှိမှ ကန်ပိုက်တီမြို့ပတ်လမ်းကို ကွန်ကရစ်ခင်းပေးနိုင်မည် ဖြစ်သောကြောင့် ပြည်နယ်လွှတ်တော်တွင် အဆိုကိုမှတ်တမ်းအနေဖြင့်သာ ထားရှိပေးပါရန် ဝန်ကြီးက တောင်းဆိုခဲ့သည်။

ဦးနော်လီတင်သွင်းသည့် အဆိုကို ပြည်နယ်ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းကလည်း စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်လိုအပ်ချက်ကို ရှင်းရှင်းလင်းလင်းသိရမှ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်ဟု အကြောင်းပြကန့်ကွက်ခဲ့သည်။

"အဆိုတင်သွင်းအောင်မြင်ခဲ့ပါက လွှတ်တော်အနေဖြင့် ပြုလုပ်ပေးရတော့မှာ ဖြစ်တယ်။ ဒါဟာ ကတိကဝတ်လည်းဖြစ်တယ်။ အဆိုအောင်သွားပြီးတော့ မလုပ်ပေးနိုင်ခဲ့ဘူးဆိုရင် လွှတ်တော်အနေနဲ့ကလည်း ကတိကဝတ်ပျက်ရာကျသွားမှာ ဖြစ်ပါတယ်"ဟု ဘဏ္ဍာရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

ထိုကန်ပိုက်တီမြို့ မြို့ပတ်လမ်းခင်းခြင်း အဆိုကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့ဝင်များက မှတ်တမ်းအဖြစ် ထားရှိလိုသူနှင့် ကန့်ကွက်သူများ ရှိနေသည့်အတွက် လွှတ်တော်မှ လျှို့ဝှက်မဲပေးဆုံးဖြတ်ခဲ့ရာ မဲပေးခွင့်ရှိသူ ၅၃ ဦးအနက် ၄၈ ဦးမဲပေးခဲ့ရာ ထောက်ခံမဲ ၄၂ မဲ၊ ကန့်ကွက်မဲ ၆ မဲဖြင့် အောင်မြင်ခဲ့သည်။

ဆိုင်း (ကချင်မြေ)

# Nlung Nnan ကောက်သစ်စားပွဲနှင့် မနောင်ပွဲကြီး ကျင်းပတော့မည်မဟုတ်

Nlung Nnan Sha Manau Poi ဟုခေါ်သော ကချင်ရိုးရာ ကောက်သစ်စားပွဲနှင့် မနောင်ပွဲကြီးကို မကျင်းပဖြစ်သည်မှာ ဆယ် စုနှစ်များစွာကြာပြီဖြစ်သဖြင့် ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ကချင်မျိုးနွယ်စု အကြီးအကဲများ တွေ့ဆုံဆွေးနွေးပြီးနောက် အများစု၏ဆန္ဒအရ ထိုပွဲကို ကျင်းပဖြစ်တော့မည်မဟုတ်ကြောင်း သိရသည်။

ထိုပွဲကိုကျင်းပမည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ကချင်ပြည်နယ်အတွင်းမှဒေသခံများက ဒုက္ခသည်များရှိနေချိန် ထိုကဲ့သို့ ပျော်ပွဲရွှင်ပွဲများ မပြုလုပ်သင့်ကြောင်း၊ ထိုပွဲအတွက်ကုန်ကျမည့်စရိတ်များကို ဒုက္ခသည်များအတွက် အသုံးပြုလျှင်ပိုမိုအကျိုးရှိကြောင်း ဝေဖန်မှုများမြင့်တက်ခဲ့သဖြင့်ကချင်မျိုးနွယ်စုအကြီးအကဲများက မနောင်အိမ်တော်တွင် အောက်တိုဘာလ ၃ ရက်နေ့က တွေ့ဆုံဆွေးနွေးကာ မကျင်းပရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

"ဒီပွဲက လုံးဝလုပ်ရမယ့်ပွဲဖြစ်တယ်၊ ဒါပေမဲ့ ကချင်ပြည်သူလူထုအများစုက လုံးဝလက်မခံတဲ့အတွက်ကြောင့် ဒီပွဲကို ရုတ်သိမ်းလိုက်တာဖြစ်တယ်။ ပြည်သူတွေနဲ့ လုပ်ရမှာဖြစ်တဲ့အတွက် ပြည်သူတွေလက်မခံရင် အလကားပဲလေ"ဟု ဦးဆင်ဝါးယော်က ပြောသည်။

ပြည်သူများ ဒုက္ခရောက်နေချိန်တွင် အခုလိုပွဲမျိုး မလုပ်သင့်ကြောင်းမြစ်ကြီးနားစီတာပူရပ်ကွက်မှ ဒေါ်ကိုင်ဂျာက ပြောသည်။

"ဒီ မနောင်ပွဲဆိုတာ ရှေးခေတ်က လူကြီးတွေလုပ်တဲ့ အချိန်က ငြိမ်းချမ်းတဲ့အချိန် လုပ်ကြတာ။ အခုက တိုင်းပြည်မတည်မငြိမ်ဖြစ်နေတဲ့အထဲက အခုလို မနောင်ပွဲကြီးကို လုပ်မယ်ဆိုတော့ အဆင်မပြေဘူး"ဟု ဒေါ်ကိုင်ဂျာကပြောသည်။

ကောက်သစ်စားမနောပွဲသည် ယခင်က ကချင်ပြည်နယ်နေ့ (ဇန်နဝါရီလ ၁၀ ရက်နေ့)တိုင်း ကျင်းပခဲ့သောပွဲနှင့် မတူပါ။ ထို မနောင်ပွဲကြီးကို ယခင်အစိုးရလက်ထက် ငါးနှစ်သက်တမ်းအတွင်း တစ်ကြိမ်ပြုလုပ်ခဲ့သည်။ ထိုစဉ်ကလည်း ကန့်ကွက်သူများ ရှိခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကန့်ကွက်သူများနှင့် ထိပ်တိုက်တွေ့ဆုံဆွေးနွေးကာ ကျင်းပခဲ့သည်။

Ah Je

# ကချင်အနုပညာရှင်များ အသင်းချုပ် အကဆပ်ကော်မတီမှဦးစီး၍ ကချင်ရိုးရာအကနှင့် ခေတ်ပေါ်အက ပြိုင်ပွဲကြီးကျင်းပမည်

မြစ်ကြီးနား၊ အောက်တိုဘာ ၄

ကချင်အနုပညာရှင်များ အသင်းချုပ် အကဆပ်ကော်မတီမှဦးစီး၍ Wunpawng Ka Hkrang the Prat Dep Ka Hkrang (ဝန်ပေါင်အကနှင့် ခေတ်ပေါ်အက)ပြိုင်ပွဲကြီးကို လာမည့်နိုဝင်ဘာလ ၃ ရက်တွင် မြစ်ကြီးနားမြို့၊ မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမတွင် ကျင်းပသွားပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် အဖွဲ့တစ်ဖွဲ့လျှင် လူဦးရေအနည်းဆုံး ၁၀ ဦးမှ ၂၀ ဦးအထိ ပါဝင်ခွင့်ပြုထားပြီး (ကျား၊မ) ခွဲခြားထားခြင်းမရှိကြောင်း သိရသည်။

အကဆပ်ကော်မတီက ပြိုင်ပွဲဝင်များ နေထိုင်ရာမြို့အသီးသီးသို့ ကိုယ်တိုင်လာရောက်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ဆန်ကာတင် ၁၀ ဖွဲ့ကို စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်၍ ယှဉ်ပြိုင်လိုသော အကအဖွဲ့များသည် လျှောက်လွှာများကို အောက်တိုဘာလ ၁၀ ရက်နေ့ နောက်ဆုံးထား အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

နယ်ဝေးမှ လာရောက်ယှဉ်ပြိုင်သော အကအဖွဲ့များကိုလည်းနေရာထိုင်ခင်းများစီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအကပြိုင်ပွဲကြီးတွင် ဆုကြေးအနေဖြင့် Wunpawng Ka Hkrang (ဝန်ပေါင်အက) Winner ဆုအတွက် ၁၀ သိန်း၊ ပထမဆု-၇သိန်း၊ ဒုတိယဆု-၅ သိန်း၊ နှစ်သိမ့်ဆု- ၂သိန်းဖြစ်ပြီး Prat Dep Ka Hkrang (ခေတ်ပေါ် အက) Winner ဆုအတွက် ၁၀သိန်း၊ ပထမဆု-၇ သိန်း၊ ဒုတိယဆု- ၅သိန်း၊ နှစ်သိမ့်ဆု-၂ သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအကပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကချင်အနုပညာရှင်များ အသင်းချုပ်ရုံးဆောက်လုပ်ရေး ရန်ပုံငွေ ရရှိရန်၊ ကချင်ရိုးရာ အမွေအနှစ် အကအလှအပများကို မြတ်နိုး တန်ဖိုးထားတတ်လာစေရန်၊ ကချင်ရိုးရာ အကအလှများကို သစ်လွင်ဖန်တီးမှုပြုလုပ်နိုင်စေရန်၊ လူမျိုးဘာသာမခွဲခြားဘဲ တစည်းတလုံးတည်း အမြဲပေါင်းသင်းဆက်ဆံ နေထိုင်သွားနိုင်စေရန်နှင့် အကအနုပညာရှင်များပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

Benadeth



**တုတ်ထိုး** - ပြင်ကုန်ပြီဗျို့၊ ပြင်ကုန်ပြီ။
**အိုးပေါက်** - ခြေ/ဥ တွေ ပြင်တာလားဗျ။

**တုတ်ထိုး** - ခြေ/ဥ အကြောင်း ပြောနေတာ မဟုတ်ဘူးဗျို့။ လမ်းတွေ ပြင်နေတာ ပြောတာ။
**အိုးပေါက်** - တရားဥပဒေစိုးမိုးမှု မရှိသေးတာ လုယက်မှုတွေ မပပျောက်နိုင်သေးတာ၊ မူးယစ်ဆေးဝါးအန္တရာယ်တွေ ရှိနေသေးတာ၊ ငြိမ်းချမ်းရေး ကျနေဆဲ ဖြစ်နေတာက လွဲရင် လမ်းတွေ ပိုကောင်းလာတာတော့ အမှန်ပဲ။

**တုတ်ထိုး** - ဟိုအရင် အစိုးရ အဆက်ဆက်က လူတွေ ဘာလို့လမ်းတွေ ဒီလိုကောင်းအောင် မလုပ်ခဲ့ကြပါလိမ့်။
**အိုးပေါက်** - လမ်းတွေ ကောင်းလာတယ်။ ကျုပ်တို့အားလုံးကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာဖို့ လိုတယ်။

**တုတ်ထိုး** - အမှိုက်သိမ်းကားတွေလည်းအချိန်မှန်လာတယ်။
**အိုးပေါက်** - စည်ပင်အမှိုက်ကားတွေ မှန်ပါတယ်။ ဒါပေမဲ့ မြန်တော့ မမြန်စေချင်ဘူး။

**တုတ်ထိုး** - ဘာလို့တုန်း။
**အိုးပေါက်** - တစ်ခါတစ်ခါ အမှိုက်ကားတွေက မြန်ချက်။ ပြိုင်ကားပြေးနေသလား မှတ်ရတယ်။ ကျုပ်ဖြင့် တစ်ခါတစ်ခါ အမှိုက်ကားကို မီအောင်မလိုက်နိုင်ဘူး။

**တုတ်ထိုး** - ဟိုတစ်လောက စိမ်းမြဗရာပန်းခြံနားမှာ မိန်းမကြီးတစ်ယောက် အမှိုက်ကားသံကြားလို့ အိမ်ထဲကထွက်ပြီး အမှိုက်အိတ်ပစ်ဖို့ ထွက်လာတာ ကြည့်လိုက်တော့ အမှိုက်ကားက အဝေးရောက်သွားပြီ။ အဲ့ဒါကြောင့် စည်ပင်အမှိုက်ကားများကို ပြောပါရစေ။ ပြိုင်ကားမောင်းရင် ပြိုင်ကားအစစ်ကိုသာ သွားပြီးမောင်းကြပါလို့။ အမှိုက်ကားကို ပြိုင်ကားစိတ်သွင်းပြီး မမောင်းကြပါနဲ့လို့။
**အိုးပေါက်** - ကိုင်း၊ လူကြီးမင်းများကြားတော်မူကြပါစေ။

**တုတ်ထိုး** - ဒါနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအခြေအနေ ဘာသံကြားလဲ။
**အိုးပေါက်** - အင်း၊ ၂၀၀၈ ဖွဲ့စည်းပုံကလည်း ထောင်ဖောက်ပြေးသလောက် မလွယ်ဘူးဗျ။

**တုတ်ထိုး** - ၂၀၁၅ တုန်းကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက




၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ကြွေးကြော်သံတွေနဲ့ မဲဆွယ်ခဲ့ကြတယ်။
**အိုးပေါက်** - ခြေ/ဥ ပြင်ဖို့ရာကထင်သလောက်မလွယ်ဘူး။ ပြည်ထောင်စုလွှတ်တော်ရဲ့၇၅ ရာခိုင်နှုန်းဟာ ခြေ/ဥကို ပြင်နိုင်စွမ်း မရှိနိုင်ဘူး။

**တုတ်ထိုး** - ဘာဖြစ်လို့။
**အိုးပေါက်** - တပ်မတော်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံမှု လိုတယ်လေဗျာ။ တပ်မတော်မပါဘဲ လုပ်လို့ မရဘူး။ အရင်တစ်ခါက The Voice ဂျာနယ်မှာ ဆရာအောင်မျိုးထက်ရေးတဲ့ ခြေ/ဥ ပြင်ဆင်ရေးခရီးကြမ်း ဖတ်လိုက်ရတယ်ဗျ။

**တုတ်ထိုး** - အဲ့ဒီမှာ ဘာတွေရေးထားတာတုန်း။
**အိုးပေါက်** - NLD ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်ကပြောတယ်။ "အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ပုဂ္ဂိုလ်ရေးအရ ဂုဏ်သိက္ခာတိုက်ခိုက်ခံရတာတွေ အကုန်လုံးကို အနစ်နာခံပြီးတော့ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်လုပ်နေတာ အားလုံးက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးလို့ သဘောပေါက်စေချင်ပါတယ်" တဲ့ဗျ။

**တုတ်ထိုး** - ငြိမ်းချမ်းရေး အခြေအနေကရော။
အိုးပေါက် - အခြေခံဥပဒေ ပြင်ဆင်ရေး အဆင်ပြေမှ ငြိမ်းချမ်းရေးဖြစ်စဉ်ကို သွားမယ့် သဘောမျိုးပါပဲ။

**တုတ်ထိုး** - ဒါဆို အခြေခံဥပဒေမပြင်ရင် ငြိမ်းချမ်းရေး မရတော့ဘူးပေါ့။ ဟုတ်လား။
**အိုးပေါက်** - ငြိမ်းချမ်းရေး အရင်ယူပြီး အခြေခံဥပဒေ ပြင်ဆင်ရေးဘက် သွားရင်လည်း ရနိုင်တာပဲလေ။

**တုတ်ထိုး** - ဘယ်လမ်းက သွားကြမလဲ။
**အိုးပေါက်** - အစိုးရအနေနဲ့ကတော့ အခု သက်တမ်းမှာ အခြေခံဥပဒေကို ပြင်ဆင်မယ်လို့ ကတိပေးထားတာ ရှိတယ်။ ဒီ လက်ကျန်ကာလမှာ ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ် ကျင်းပသွားဦးမယ်လို့ ဆိုထားတာရှိတယ်။

**တုတ်ထိုး** - ငြိမ်းချမ်းရေးလည်း ရချင်တယ်။ ခြေ/ဥ လည်း ပြင်ချင်တယ်။ ပြည်သူလူထုလည်း မနစ်နာဘဲ ပျော်ရွှင်တဲ့နည်းလမ်း၊ 'ဂယ်ပေါက်' တစ်ခု အမြန်တွေ့ရှိပါစေကြောင်း ဆုတောင်းလိုက်ရပါရဲ့ဗျာ။
**အိုးပေါက်** - ခြေ/ဥကိစ္စ ထားလိုက်ပါဦး။ ကျုပ်တို့တိုင်းပြည်မှာ ကုန်ဈေးနှုန်းတွေ တက်နေတယ်။ ဒီ အစိုးရလက်ထက်မှာ ကုန်ဈေးနှုန်းတွေ ဘာကြောင့်တက်နေတာလဲ။ စီးပွားရေးဟာ ဘာကြောင့် ကျဆင်းနေရတာလဲ။ ကျုပ်တို့ပြည်သူက တင်မြှောက်လိုက်တဲ့ အစိုးရဟာ အကျပ်အတည်းတွေကြားထဲမှာ အလျှဉ်းသင့်သလို နေထိုင်ရပ်တည်နေရတယ်ဆိုတာ ပြည်သူတစ်ယောက်အနေနဲ့ နားလည်ပေးပါတယ်။ ဒါပေမဲ့ ဘာကြောင့် စီးပွားရေး ကျဆင်းနေရတာလဲ။ ဘာကြောင့် ကုန်ဈေးနှုန်းတွေတက်နေရတာလဲ။ အဲ့ဒါကို ပွင့်ပွင့်လင်းလင်းနဲ့ ပြည်သူလူထုကို ချပြဖို့လိုတယ်ဗျ။ ရေငုံနှုတ်ပိတ်နေတော့ ဒီ အစိုးရ အသုံးမကျဘူးဆိုတဲ့ ဝေဖန်သံတွေပဲညံနေမှာပဲ။ ဒီတော့ ပြည်သူလူထုကို အပွင့်လင်းဆုံး ရှင်းပြဖို့လိုပြီလို့ ထင်မြင်မိပါတယ်ဗျာ။

**တုတ်ထိုး** - ဟုတ်တာပေါ့ဗျာ။ ပြီးတော့ ဒီကိစ္စဟာ ထိုးနှက်ချက်တွေ စောင့်ဆိုင်းနေကြတဲ့ အုပ်စုတွေရှိနေရင် သူတို့အတွက် ပြောစရာ ရသွားမယ်။

**အိုးပေါက်** - ဒါနဲ့ လွှတ်တော်တင်တဲ့ မေးခွန်းနဲ့အဆိုတွေ ပါတီတွင်းစိစစ်တဲ့နေရာမှာ အရက်ပုလင်းပေးမှ အဆင်ပြေတယ်လို့ NLD ကနေ နုတ်ထွက်လိုက်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ်ဖွင့်ဟလိုက်တဲ့ သတင်းတွေ ပျံ့နေတယ်နော်။

**တုတ်ထိုး** - ဟုတ်တယ်။ NLD ပါတီကနေ နုတ်ထွက်လိုက်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဖေချစ်က စက်တင်ဘာ ၃၀ ရက်နေ့က မြန်မာဂျာနယ်လစ်ကွန်ရက်မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တယ်ဗျ။
**အိုးပေါက်** - အရက်ပုလင်း ပေးမှ ရတယ်ဆိုတော့ ဒါဟာ လာဘ်စားတာ မဟုတ်ဘူးလား။

**တုတ်ထိုး** - အဟဲ၊ အရက်ပုလင်းက ဈေးသိပ်မရှိဘူးလေဗျာ။ လာဘ်စားမှု ဘယ်မြောက်ပါ့မလဲ။ ပိန်းလိုက်တာ လွန်ရော။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - အရက်ပုလင်း ပေးတာ အကြောင်းမဟုတ်ဘူး။ အရက်တုတွေပေးလို့ သောက်မိမှ အသက်ထွက်ကုန်ကြဦးမယ်။
အိုးပေါက် - မူခင်းတွေက ရော ကျဆင်းသလား။

**တုတ်ထိုး** - မြန်မာပြည်မှာ ဘာမဆို ဖြစ်နိုင်တယ်။ ဘာမှမဖြစ်ရင်တော့ ဘာမှမဖြစ်ဘူးပေါ့။
**အိုးပေါက်** - ဟွန်း၊ အဲဒါ ခင်ဗျားပြောမှလား။

**တုတ်ထိုး** - ဟုတ်တယ်လေဗျာ။ မူးယစ်ဆေးဝါးတွေ မိတယ်နော်။ နည်းနည်းလေး မိတယ်နော်။ ပိုင်ရှင်ပေါ်တာ များတယ်။ အများကြီး မိတယ်နော်။ ပိုင်ရှင်မပေါ်ဘူး။ သေနတ်ပစ်မှုတွေ၊ ဓားခုတ်မှုတွေ ဖြစ်တယ်နော်။ တရားခံမပေါ်ဘူး။ ကြိုးဆွဲချသေတဲ့ လူလောက်ပဲ တရားခံမိတတ်တာ၊ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - တော်တဲ့ရဲတွေ ရှိပါတယ်ဗျ။ အမှုအခင်းတစ်ခု ဖြစ်ရင် အချိန်မီ ရောက်လာတတ်တဲ့ ရဲတွေလည်း ကျုပ်တို့မြန်မာပြည်မှာ ရှိပါတယ်ဗျ။

**တုတ်ထိုး** - ပြစမ်းပါဦး။ မြင်ဖူးထားချင်လို့။
**အိုးပေါက်** - ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက ရဲမြညွန့်နှင့် အဖွဲ့လေဗျာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။ စကားကို အကောင်းပြောလို့ မရဘူး။
အိုးပေါက် - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - အင်း၊ ကျုပ်တို့တိုင်းပြည်၊ကျုပ်တို့ပြည်သူတွေ တင်မြှောက်လိုက်တဲ့ အစိုးရ ရှေ့ဆက် ဘယ်လိုခရီးတွင်အောင် သွားကြရမှာပါလိမ့်။
**အိုးပေါက်** - (ဖေ၊ ပု၊ ရှိန်) အဖွဲ့မှာ ပါဝင်ခဲ့တဲ့ ဘကြီးဘေလို့ခေါ်ကြတဲ့ ဦးလှဖေရေးခဲ့ဖူးတာ သတိရမိတယ်။ ဘကြီးဖေရဲ့ (နိုင်ငံရေးအဖြာဖြာ -အတွဲ ၂) မှာ ဖတ်ဖူးတယ်။ သူက ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို သိမသွားခဲ့ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အလွန်ချစ် အားထားခြင်းခံရတဲ့ ဘကြီးဖေပေါ့ဗျာ။ ၁၉၇၁ ဇန်နဝါရီလ ၈ ရက်နေ့ ရန်ကုန်မှာ ကွယ်လွန်ခဲ့တယ်။ ၈၈ အရေးအခင်းကိုလည်း သိမသွားရှာပါဘူး။ ဘကြီးဖေက အစိုးရကို ကားတစ်စီးနဲ့ ဥပမာပေးခဲ့တယ်။

**တုတ်ထိုး** - ဘာလို့ပါလိမ့်။
**အိုးပေါက်** - ဆက်ဖ်စတတ်အစိုးရ (Self Start Goverment)၊ ဂေါက်စက် အစိုးရ (Handle Start Goverment)၊ တွန်းစတတ်အစိုးရ (Push Start Goverment) တဲ့ဗျ။

**တုတ်ထိုး** - ခင်ဗျားက မှတ်ဉာဏ်ကောင်းသားပဲ။
အိုးပေါက် - အထင်တွေ ဇွတ်မကြီးနဲ့ဗျ။ ဧရာဝတီကျော်မြင့်ရေးတဲ့ "ကျွန်တော် သေပျော်ပြီ"ဆိုတဲ့ ဆောင်းပါးတွေ ဖတ်ပြီး ပြန်ပြောပြနေတာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဘာပဲဖြစ်ဖြစ် ဗဟုသုတ ရတာပေါ့ဗျာ။ ကဲ ဆက်ရှင်းပါဦးဗျာ။
**အိုးပေါက်** - ဆက်ဖ်စတတ် အစိုးရက ကားအသစ်တစ်စီးနဲ့ တူတယ်။ ခလုတ်နှိပ်ရင် ဝူးခနဲ နိုးတယ်။ ဒီလို အစိုးရမျိုးဆိုတာ ပြည်သူရဲ့ထောက်ခံမှု အပြည့်အဝရရှိပြီး ပြည်သူနဲ့ မေတ္တာဆက်ထားတဲ့ အစိုးရမျိုးတဲ့ဗျ။

**တုတ်ထိုး** - . . . . . ။
**အိုးပေါက်** - ဂေါက်စတတ်အစိုးရက "ထွေလာတဲ့ ကားနဲ့တူတယ်တဲ့။ အလိုလို မနိုးဘူး။ ဂေါက်နဲ့လှည့်မှ နိုးတော့တာ။ ဒီလိုအစိုးရမျိုးက လွှတ်တော်မှာ အယုံအကြည်မရှိ အဆိုသွင်းခံလာရပြီး ကန့်ကွက်ပွဲတွေ၊ ဆန္ဒပြပွဲတွေနဲ့ တွေ့လာရပြီး အမိန့်ကြေညာစာတွေ၊ ရာဇဝတ်ဥပဒေတွေ သုံးလာရပြီး ပြည်သူ့ထောက်ခံမှု နည်းလာ။ ပြီးတော့ ပြည်သူနဲ့အစိုးရ မေတ္တာပျက်ကြပြီတဲ့ဗျ။

**တုတ်ထိုး** - အနာဂတ်ကို ကြိုမြင်ခဲ့တာပါပဲဗျာ။ လေးစားပါတယ်။
**အိုးပေါက်** - တွန်းစတတ် အစိုးရဆိုတာကတော့ အခြေအနေပျက်လာပြီဖြစ်တဲ့ ကားနဲ့တူတယ်တဲ့ဗျ။ခလုတ်နှိပ်လည်း မရ၊ ဂေါက်နဲ့လှည့်လည်း မရ၊ လူတွေဝိုင်းတွန်းမှနိုးတော့တာတဲ့ဗျ။ ဒီလိုအစိုးရက သပိတ်တွေ၊ ဆူပူဆန္ဒပြပွဲတွေနဲ့ ကြုံလာရပြီး အစိုးရဘက်ကလည်း အရေးပေါ်အခြေအနေတွေ၊ ညမထွက်ရအမိန့်တွေဘာတွေ သုံးလာရတယ်။ ပြီးတော့ ပြည်သူ့ထောက်ခံမှု မရတော့ဘဲ ပြည်သူနဲ့ အစိုးရ မျက်နှာပျက်ကြရပြီတဲ့ဗျာ။ ဒီ အစိုးရမျိုးက ကောင်းအောင်ပြင်ရင်ပြင် ၊ မပြင်ရင် ကြက်တန်းပို့ရတော့မယ့်အစိုးရမျိုး ဖြစ်တော့တာပဲတဲ့။

**တုတ်ထိုး** - ကိုင်း၊ အစိုးရလည်း ကြက်တန်းမရောက်ဖို့၊ ပြည်သူလည်း မေတ္တာမပျက်ဖို့ ခလုတ်နှိပ်ရင် ဝူးခနဲထွက်တဲ့ အစိုးရဖြစ်ပါစေကြောင်း ဆုတောင်းလိုက်ပါရဲ့ဗျာ။ ။

# မခန္တီးကျေးရွာ မြစ်ကမ်းနံဘေးနေထိုင်သူများ သန့်ရှင်းသော သောက်သုံးရေရရန် အခက်အခဲဖြစ်နေ

ဝိုင်းမော်၊ အောက်တိုဘာ ၂

ဝိုင်းမော်မြို့နယ်၊ မခန္တီးကျေးရွာ မြစ်ကမ်းနံဘေးတွင် နေထိုင်သူများသည် ရေကောင်း ရေသန့် ရရှိရန် ခက်ခဲနေသဖြင့် မသန့်ရှင်းသောဧရာဝတီမြစ်ရေကိုသာ အဓိကမှီခိုသုံးစွဲနေရသည်ဟု ဒေသခံများက ပြောသည်။

၎င်းတို့နေထိုင်သည့်နေရာနှင့် ရေတွင်းတည်ရှိသည့်နေရာမှာကွာဝေးသောကြောင့် ထိုမြစ်ရေကိုသာ အသုံးပြုနေရခြင်းဖြစ်ကြောင်း၊ မသန့်ရှင်းသော မြစ်ရေကြောင့် မကျန်းမမာ ဖြစ်ခြင်း၊ ခန္ဓာကိုယ်တွင် အနာများဖြစ်ခြင်း စသည့် ကျန်းမာရေးပြဿနာများ ကြုံတွေ့နေရကြောင်း ထိုရွာတွင် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ နေထိုင်ခဲ့သည့် အသက် ၆၀ ကျော်အရွယ် ဦးဟာရီးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီရေပဲ သောက်ရတယ်ဆိုတော့ ကျန်းမာရေးလည်း မကောင်းကြတော့ဘူးလေ။ အဲ့ဒီတော့ နှာစေးတယ်၊ ချောင်းဆိုးတယ်၊ မြစ်ရေချိုးတဲ့ကလေးတွေဆိုရင် ကိုယ်တွေမှာ အနာဖြစ်တယ်၊ ရေကျက်အေးပဲသောက်မယ် ဆိုရင်လည်း အလုပ်လည်းသွားရသေးတယ်ဆိုတော့ မြစ်ရေကိုပဲ အနည်ထိုင်အောင်လုပ်ပြီး သောက်ရတာပေါ့"ဟု ဦးဟာရီးက ပြောသည်။

မြစ်ကမ်းနံဘေးတွင် နေထိုင်သူအများစုမှာ နေ့စားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့်သူ များသဖြင့် ကျန်းမာရေးမကောင်း၍ဆေးကုသရန်လိုသောအခါများတွင် ငွေရေးကြေးရေးနှင့် နေထိုင်မှုဘဝ အခက်အခဲများ ကြုံတွေ့ရကြောင်း ဦးဟာရီးက ဆက်လက်ပြောသည်။

"ဦးလေးတို့က သူများတွေဆီမှာ ကူလီလုပ်စားတယ်၊ နေ့စားတွေ လိုက်တယ်ပေါ့နော်၊ အလုပ်ချောင်သွားပြီဆိုရင် စုထားတာကနေ နည်းနည်းပါးပါးယူစား၊ ဒါပဲရှိတယ်၊ ဖျားပြီဆိုရင် ဒီတစ်ခါ ကျွန်တော်တို့ကို ကူညီ၊ နောက်တစ်ခါကျမှ အလုပ်တွေ လာလုပ်ကူမယ်ပေါ့။ အဲ့ဒီအခါကျမှ ပိုက်ဆံဖြတ်ယူပေါ့. . . အဲ့လိုတော့ရှိပါတယ်၊ သူတို့လည်း သဘောကောင်းကြပါတယ်"ဟု ဦးဟာရီးက ပြောသည်။

အစိုးရမှ တူးပေးထားသော အဝီစိတွင်းရေသည် အများပိုင်နေရာတွင်မရှိဘဲ လူနေအိမ်ခြံဝင်းတွင် တူးထားခြင်းကြောင့် ၎င်းတို့အတွက် အသုံးပြုရန် အဆင်မပြေကြောင်းနှင့် နေရာဝေးကွာသောကြောင့်လည်း အဆင်မပြေမှုများဖြစ်ရကြောင်း ဒေါ်ဂျန်ဂျားမာရာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အစိုးရက ပေးထားတဲ့ ရေတွင်းကလည်း သူများအိမ်ခြံဝန်းထဲမှာ တူးထားတော့ အဆင်မပြေဘူး၊ တူးပေးထားတဲ့ ရေတွင်းကလည်း ခပ်တဲ့တိုင်မပါဘူး၊ မီးနဲ့ဆက်ထားတော့ မီးမရှိ ဘာမရှိဆိုတော့ မခပ်ရဘူးပေါ့။ ဝေးလည်းဝေးတယ်ဆိုတော့. . "ဟု ဒေါ်ဂျန်ဂျားမာရာက ပြောသည်။



ယင်းကိစ္စနှင့် ပတ်သက်၍ အစိုးရပေးသော ရေတွင်းတူးရန်နေရာရှာဖွေရာတွင် မြေနေရာအခက်အခဲဖြစ်မှု၊ လျှပ်စစ်မီး အခက်အခဲဖြစ်မှုတို့ကြောင့် အဆင်ပြေနိုင်မည့် အိမ်ဝင်းအတွင်း တူးရခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့ အဆင်ပြေစေရေးအတွက် ရေတွင်း ပြန်လည်တူးဖော်ပေးရန် စီစဉ်ထားကြောင်း မခန္တီးအုပ်ချုပ်ရေးမှူးဦးရိုဆန်းက ပြောသည်။

"အစိုးရကပေးတဲ့ ရေတွင်းက ကျွန်တော်တို့သုံးနေရာမှာ စမ်းတယ်၊ပြီးမှ မြေနေရာ၊ လျှပ်စစ်မီးအဆင်ပြေတဲ့ နေရာမှာ တူးလိုက်တာ၊ အခုတစ်ခေါက်တော့ သူတို့အတွက်ပိုအဆင်ပြေအောင် ကွန်ကရစ်ရေတွင်း တူးပေးဖို့ အလှူခံထားတယ်၊ အလှူရှင်လည်းရှိတယ်၊ လာမယ့် ပွင့်လင်းရာသီလောက်တော့ရမယ်"ဟု ဦးရိုဆန်းက ပြောသည်။

မခန္တီးကျေးရွာသည် အိမ်ခြေစုစုပေါင်း ၄၃၅ အိမ်၊ လူဦးရေစုစုပေါင်း ၃၀၄၈ ဦးရှိပြီး ရပ်ကွက်လေးခုရှိသည့်အနက် ရပ်ကွက် ၃ ရှိ မြစ်ကမ်းနံဘေးတွင်နေထိုင်သောအိမ်များမြစ်ရေကို အဓိကထားအသုံးပြုနေရခြင်းဖြစ်သည်။

Ann/ Benadeth

# အင်အားပြင်း ကျောက်တူးမိုင်းများကြောင့် လုပ်ကွက်ဝန်းကျင်နေထိုင်သူများ အန္တရာယ်ရှိနေ

ဖားကန့်၊ စက်တင်ဘာ ၃၀

ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းတွင်းများတွင် အင်အားပြင်းသော မိုင်းများအသုံးပြုဖောက်ခွဲ တူးဖော်နေခြင်းကြောင့် ယင်းလုပ်ကွက်အနီးရှိ ကျေးရွာတို့မှ ဒေသခံများက မိုင်းခွဲရာမှ လွင့်စင်လာသည့် ကျောက်ကျိုးကျောက်ပဲ့များ လာရောက်ထိမှန်ကာ မြေပြိုမှုများဖြစ်မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။


ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်များအနီးတွင် ပြည်ထဲရေးအမည်ပေါက် မဟုတ်သော ကျေးရွာများရှိကြပြီး ထိုကျေးရွာအချို့မှ စာသင်ကျောင်းများ၊ လူနေအိမ်များသည့် လုပ်ကွက်များနှင့် နီးကပ်နေသဖြင့် ကျောင်းသူ/သားများအတွက် စိုးရိမ်နေသည်ဟုလည်း ဆိုသည်။

"ကျနော်တို့ ဆန်ခါကျေးရွာနားက လုပ်ကွက်ကြီးက စာသင်ကျောင်းက ကလေးတွေအတွက် အန္တရာယ်တကယ်များတယ်။ စာသင်ကျောင်းနံရံက မိုင်းခွဲတဲ့ဒဏ်နဲ့ တော်တော်လေး စိုးရိမ်နေရတယ်။ မဇွပ်ယန်ရွာနားက အများသုံးလမ်းမကြီးကလည်း မိုင်းတစ်ခါခွဲတိုင်း အက်အက်လာနေပြီ"ဟု ဆန်ခါကျေးရွာသား ဦးတင်လှိုင်က ပြောသည်။

မိုင်းအားပြင်းထန်သည့်အတွက်ကြောင့် မိုင်းတစ်ခါခွဲလျှင် လုပ်ကွက်နှင့်တစ်မိုင်ကျော်နှစ်မိုင်အတွင်းရှိ အဆောက်အဦများ တုန်ခါခြင်း၊ နေအိမ်နံရံများ၊ နေအိမ်ကမ်းပါးများ အက်လာခြင်း၊ မှန်များကွဲခြင်းတို့ ဖြစ်ပေါ်နေသည်ဟုလည်း ဆန်ခါနှင့် မဇွပ်ယန်ရွာသားများ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော့် ရုံးခန်းဆို မြင်တဲ့အတိုင်းပဲ။ ကြည့်လိုက်ပါ ဟိုမှန်တွေဆို ကွဲကုန်ပြီ။ ဘယ်ကုမ္ပဏီကမှ တစ်ပြားမှ လျော်ကြေးမပေးဘူး" ဟုလည်း သဘာဝ စိမ်းလန်းစိုပြေရေး Green Land အဖွဲ့မှ ဦးနောင်လတ်က လက်တွေ့အခြေအနေကို ရှင်းပြသည်။

စက်တင်ဘာလ ၂၈ ရက်နေ့က ကရင်ချောင်မော်ရှိထွန်းတောက်ဇမ္ဗူလုပ်ကွက်အတွင်းမှ မိုင်းဖောက်ခွဲမှုကြောင့် ထွက်လာသည့်ကျောက်စကျောက်နများက ဆိပ်မူအုပ်စု ဘိုနန်ရပ်ကွက်၊ အိမ်အမှတ် ၃/၃၇၁ ဦးဇော်ဝင်းသန်းအိမ်တွင် ရေမဆေးကျောက်ရှာဖွေသူ ဇော်မိုးဦး၏ ဦးခေါင်းပေါ် လွင့်စင်ကျရောက်ခဲ့ရာ အသက်အန္တရာယ်စိုးရိမ်ရသည့် အတွက် မန္တလေးဆေးရုံကြီးအထိ ပို့ဆောင်ကုသထားရကြောင်းလည်း သိရသည်။



ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ထွန်းတောက်ဇမ္ဗူကုမ္ပဏီက ဆေးကုသစရိတ်ကို အပြည့်အဝ တာဝန်ယူခြင်းမရှိဘဲ ငွေကျပ်ငါးသိန်းသာ ထောက်ပံ့ပေးခဲ့သဖြင့် မောင်ဇော်မိုးဦး၏ အုပ်ထိန်းသူများက လက်ခံရယူခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ထွန်းတောက်ဇမ္ဗူ ကုမ္ပဏီတာဝန်ခံထံ ဆက်သွယ်မေးမြန်းရန် မြစ်ကြီးနားသတင်းဂျာနယ်က ကြိုးစားခဲ့သော်လည်း ဖုန်းလက်ခံဖြေကြားခြင်း မရှိခဲ့ပေ။

ထိုသို့ ပြင်းအားများသည့် မိုင်းများအသုံးပြုပြီး ကျောက်စိမ်းတူးဖော်နေခြင်းနှင့် ပတ်သက်၍ လက်တွေ့အခြေအနေတွင် ကုမ္ပဏီများဘက်မှ ဖောက်ခွဲရမည့် စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးပေးရန် အကြံပြုစာပို့ထားကြောင်း ဖားကန့်ဖြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

"မိုင်းခွဲတာကတော့ ကျွန်တော်တို့က တိုက်ရိုက်ကိုင်တွယ်တာတော့မဟုတ်ဘူးဗျ။ သို့ပေမဲ့လည်း ကျောက်စိမ်းရုံးက အသေးစိပ်ညွှန်ကြားထားတာတွေကို မြေပြင်မှာ လက်တွေ့ လိုက်နာမှုရှိမရှိဆိုတာကိုတော့ ကွင်းဆင်းစစ်ဆေးပေးဖို့ ကျောက်စိမ်းရုံးကို အကြံပြုအကြောင်းကြားစာတော့ ပို့ထားတယ်။ နောက်ပြီးတော့ မိုင်းခွဲတာနဲ့ပတ်သက်ပြီး ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်ပြီး ခွဲမယ့်အချိန်တွေကို အများပြည်သူ သိရှိအောင် အသိပေးအကြောင်းကြားသင့်ပါတယ်"ဟု ဦးကျော်စွာအောင်က သုံးသပ်ပြောဆိုသည်။

ယခုဖောက်ခွဲတူးဖော်နေသည့် မိုင်းအမျိုးအစားများသည် ယခင်က ဖောက်ခွဲခဲ့သည့် မိုင်းအမျိုးအစားများထက် အဆပေါင်းများစွာ ပြင်းထန်ပြီးသည်ဟုလည်း ဒေသခံများထံမှ သိရသည်။

စည်သူ(မြစ်ကြီးနား)
ဇော်မိုးထက်(ဖားကန့်)

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မြစ်ကြီးနားမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကျော်ရှိ

အောက်တိုဘာ ၃

လာမည့် နိုဝင်ဘာလ ၃ ရက်တွင် မြစ်ကြီးနားမြို့နယ်၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် နှစ်သိန်းကျော်ခန့်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြစ်ကြီးနားမြို့နယ်တွင် မဲရုံပေါင်း ၁၁၄ ရုံ ထားရှိသွားမည်ဖြစ်ကာ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၂၀၃၆၁၉ ဦးရှိကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။




"ဒီလူဦးရေ စာရင်းကို ၁ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ ကပ်ထားပေးမယ်၊ အဲ့ဒီမှာပါတဲ့ နံပါတ်ကအစ မဲပေးတဲ့နေ့မှာ အဲဒီအတိုင်းပဲ ပြောင်းလဲမှုမရှိတော့ဘူး။ ဒါနောက်ဆုံးအဆင့်ပဲ၊ အခုကပ်တာတော့အပြီးပဲ။ မဲပေးတဲ့အထိ အပြောင်းအလဲမရှိတော့ဘူး။ မဲဆန္ဒရှင်က သူ့နံပါတ်က ၁၀၀၁ ဆိုအဲ့နံပါတ်ကို မှတ်ထားလိုက်ရုံပဲ၊ မဲသွားပေးတဲ့အခါ မဲရုံမှာထပ်ကြည့်စရာ မလိုတော့ဘူး . . . ဒါကအပြီးပဲ။ ဒါကြောင့်မို့လို့ အခုကပ်တဲ့မဲစာရင်းကိုကြည့်ကိုကြည့်သင့်တယ်"ဟု ခရိုင်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး၊ ရွေးကောက်ပွဲအရာရှိ ဦးကျော်စိုးအောင်က ပြောသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းအရ မဲပေးနိုင်သူဦးရေ ၂၀၅၅၇၇ ဦးရှိခဲ့ပြီး ယခု ဒုတိယအကြိမ် ထုတ်ပြန်ရာတွင် မဲဆန္ဒရှင် နှစ်ထောင်ကျော်လျော့နည်းသွားသည်ဟု သိရသည်။

ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းတွင် ၂၀၀၀ ကျော်လျော့နည်းသွားခြင်းမှာ ပြောင်းရွှေ့သွားခြင်း၊ အမည်နှစ်ခါထပ်နေခြင်း၊ သေဆုံးသူများကိုပယ်ဖျက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ဦးကျော်စိုးအောင်က ပြောသည်။

"ပထမတစ်ကြိမ် ကပ်တယ်။ ပထမ မကပ်ခင်က ရပ်/ကျေးတွေနဲ့ ကွင်းဆင်းပြီးကောက်တယ်။ ရပ်ကျေးတွေက ကိုယ့်ရပ်ကွက်မှာရှိတဲ့ လူနဲ့ အိမ်ထောင်စု ဇယားတွေနဲ့ တိုက်ပြီးတော့ မဲစာရင်းကို ပြုစုတယ်။ ပြီးတော့ ၂၀၁၅ တုန်းက မဲပေးခဲ့တဲ့ လူစာရင်းနဲ့ ရပ်/ကျေးထဲမှာကောက်တဲ့ လူစာရင်းနဲ့ စိစစ်ပြီးတော့ ပထမအကြိမ် ကပ်ပေးတယ်။ ပထမအကြိမ်မှာ လာပြင်ကြတာရှိတယ်။ မပါတဲ့လူ လာသွင်းတယ်၊ ဆုံးသွားတဲ့လူ လာလျှော့တယ်။ အသက်ပြည့်သွားတဲ့လူတွေ လာတိုးတယ်။ ပြန်လျှော့သွားတာ ရှိတယ်။ ပြန်တိုးလာတာရှိတယ်"ဟု ဦးကျော်စိုးအောင်က ရှင်းပြပြောဆိုသည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံးလာရောက် မဲထည့်မှသာလျှင် ယခုရွေးကောက်ပွဲသည် ဒီမိုကရေစီစစ်မှန်သည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပြီး ပြည်သူများ ဆန္ဒအရ မိမိတို့အတွက် စစ်မှန်သည့် ကိုယ်စားလှယ်လောင်းကို တင်မြှောက်နိုင်မည်ဟုလည်း ဦးကျော်စိုးအောင်က ပြောသည်။

"ရွေးကောက်ပွဲတိုင်းဟာ သူ့ရဲ့စနစ်ကိုက ဒီမိုကရေစီစနစ်ဖြစ်တယ်။ ပြည်သူတွေက မဲပေးပြီး ရွေးချယ်တဲ့စနစ်ကိုး. .။ ပြည်သူအားလုံး ပါနိုင်ရင်တော့ ပိုပြီးတော့ ကိုယ်စားလှယ်လောင်းက ပိုခိုင်မာတာပေါ့။ မဲဆန္ဒရှင်က ၂ သိန်းလောက်ရှိတယ်။ မဲလာပေးတဲ့သူက ၃ သောင်းလောက်ပဲ မဲလာပေးရင်နိုင်တော့နိုင်သွားမှာပေါ့၊ သို့သော်လည်း မဲပေးတာများနေလို့ရှိရင် ဒီကိုယ်စားလှယ်လောင်းက ပြည်သူ့ဆန္ဒအမှန်လို့ ပြောလို့မရဘူး။ အနိုင်ရတာပဲရှိတယ်။ အဲ့လိုသဘောရှိတယ်။ ဒါကြောင့် ရှိသမျှ မဲဆန္ဒရှင်တွေအားလုံးလာမဲပေးမယ်ဆိုရင် မဲပေးတဲ့ရာခိုင်နှုန်းများလေ၊ ဒီမိုကရေစီပိုကျလေပဲ ပြည်သူ့ကိုယ်စားလှယ် ပိုစစ်မှန်လေပဲလို့ ပြောလို့ရတယ်"ဟု ၎င်းကပြောသည်။

မြစ်ကြီးနားမြို့နယ် အတွင်း လစ်လပ်နေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကော်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၆ ဦးအမည်စာရင်း တင်သွင်းထားသည်။

ထိုကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဩဂုတ်လ ၆ ရက်နေ့မှ စတင်ကာ ရပ်ကွက်၊ ကျေးရွာ ရုံးများနှင့် သိသာထင်ရှားသည့် နေရာများတွင် ဗီနိုင်းဖြင့်ပုံများရိုက်ကူး၍ ကြိုတင်အသိပေးထားပြီး ဖြစ်သည်။

မဲဆွယ်စည်းရုံးရေးကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့မှစတင်ပြီး နိုဝင်ဘာလ ၂ ရက်နေ့တွင် ရပ်နားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရေးကာလမှာရက်ပေါင်း၆၀ဖြစ်သည်။

Salai

# အာမခံလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ရုံးတွင် ကုမ္ပဏီက လာရောက်ရှင်းလင်းဆွေးနွေး

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

ပထမအမျိုးသားအာမခံ (First National Insurance) ကုမ္ပဏီက အာမခံလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၈ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမငယ်တွင် ကျင်းပခဲ့သည်။

ပထမအမျိုးသားအာမခံ (First National Insurance) ကုမ္ပဏီမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကိုကိုတင်ဝင်းက မြန်မာနိုင်ငံ၏ အာမခံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံတွင် လက်ရှိ အာမခံလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများ၊ အာမခံ၏ အဓိပ္ပါယ်နှင့် မမျှော်လင့်နိုင်သည့် အခြေအနေကြောင့် ပျက်စီးဆုံးရှုံးမှုကို ကုစားပေးခြင်းများ၊ ၂၀၀၈ ခုနှစ် မေလ ၂ရက်က ရခိုင်ပြည်နယ်အတွင်း နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှု အခြေအနေများ၊ အာမခံထားရှိခြင်းဖြင့် အကာအကွယ်ရှိခြင်း၊ စိတ်ချယုံကြည်မှုရှိခြင်း၊ အကူအညီရရှိခြင်း၊လုံခြုံမှုရှိခြင်းအကျိုးကျေးဇူး များရရှိမည်ဖြစ်ပြီး ကုမ္ပဏီက အာမခံလုပ်ငန်း ၁၈ မျိုးကို ဝန်ဆောင်မှုပေးနေမှုများ၊ မြစ်ကြီးနားမြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်က စတင်ဖွင့်လှစ်ကာ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးအာမခံ၊ နှစ်တိုငွေပင်ငွေရင်းအာမခံ၊ အသက်အာမခံ၊ တောင်သူလယ်သမားအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ ငွေသားလုံခြုံမှု (Cash in Safe Insurance) အာမခံ၊ မြွေအန္တရာယ်အာမခံ၊ ခရီးသွားအာမခံ စသည့်အာမခံလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အာမခံလျော်ကြေးပေးမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍တက်ရောက်လာသည့်လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းရာ ကုမ္ပဏီမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လွှတ်တော်ရှိ ဌာနတွင်းဝန်ထမ်းများ အယောက် ၇၀ ခန့် တက်ရောက်ကြောင်း သတင်းရရှိသည်။

ကျော်သက်ဦး

# အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို အောက်တိုဘာလတွင် ဖွင့်လှစ်သွားမည်

မြစ်ကြီးနား၊ အောက်တိုဘာ ၃

အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသင်တန်းများကို အောက်တိုဘာလအတွင်း မြစ်ကြီးနားမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထန်း၊ အုန်း၊ သရက်၊ ခရမ်းချဉ်သီးနှင့် ဆန်၊ ပဲစသည့် အခြေခံစားသောက်ကုန်များမှ တန်ဖိုးမြင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသင်တန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်ခြင်းဖြစ်သည်။

ထိုအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသင်တန်းများကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းတွင်ပေါများစွာ ထွက်ရှိနေသည့် ထန်း၊ အုန်း၊ သရက်၊ ခရမ်းချဉ်သီးနှင့် ဆန်၊ ပဲ စသည့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများတွင် ပြုလုပ်သွားမည်ဟု ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မောင်းကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အမှန်တကယ် စားသောက်ကုန်ထုတ်လုပ်မှုမှာ ပါဝင်နေတဲ့သူတွေ၊ ပါဝင်ချင်တဲ့သူတွေကို လက်ခံပြီး သင်တန်းတွေပေးသွားမှာပါ။ ကျွန်တော် တို့ဌာနအနေနဲ့က နည်းပညာသင်တန်းအပြင် ငွေကြေးတွေ၊ ဈေးကွက်တွေ ရရှိလာအောင်လည်း လုပ်ဆောင်ပေးသွားမှာပါ"ဟု ပြည်နယ်ဦးစီးဌာနမှူးက ပြောသည်။


ထိုစားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်များကို စနစ်တကျတည်ထောင် လုပ်ကိုင်လိုသူများအတွက် ထန်းသီး၊ ထန်းရည်မှ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အုန်းသီး၊ အုန်းရည်မှ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သရက်သီးနှင့် ခရမ်းချဉ်သီးမှ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆန်၊ ပဲနှင့် သီးနှံများကို အခြေခံကာ Bakery မုန့်အမျိုးမျိုး ထုတ်လုပ်ခြင်းများကို အခမဲ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်းအတွက် သင်တန်းကာလအတိအကျသတ်မှတ်ခြင်း မရှိသေးသော်လည်း သင်တန်းသားအနည်းဆုံးအယောက် ၂၀ ခန့်ကိုလက်ခံသွားမည်ဖြစ်၍ ရက်ကန်းကျောင်းတွင် လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)

# အခက်အခဲတွေကို ကျော်ဖြတ်ပြီးအောင်မြင်လာတဲ့ လူငယ်တစ်ဦးနှင့် တွေ့ဆုံခြင်း






အခုတစ်ပတ်လူငယ်ကဏ္ဍမှာ လူငယ်တွေ အတုယူဖို့သင့်တဲ့ လူငယ်တစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ။ သူဟာ ငယ်ဘဝကို ခက်ခက်ခဲခဲရုန်းကန်ခဲ့ပြီး နိုင်ငံခြားမှာဘွဲ့လွန်ပညာဆက်လက်သင်ယူနိုင်ခဲ့တဲ့ လူငယ်လေးတစ်ဦးပါ။ အဲဒီလူငယ်ကတော့ အခုလက်ရှိ ယုဇနရပ်ကွက်မှာ Brilliant English Language Student Center ဖွင့်လှစ်ထားပြီး ပညာသင်ကြားဖို့ခက်ခဲတဲ့ ကျောင်းသားတွေကို အခမဲ့ သင်ကြားပေးနေပါတယ်။

သူကတော့ အသက် ၃၀ အရွယ် ဂေါ့လူနော်ဂျာပါ။ စိတ်ဝင်စားစရာတွေ၊ စိတ်လှုပ်ရှားစရာတွေအပြည့်နဲ့ သူ့ငယ်ဘဝအကြောင်းကို ပြင်သစ်စာရေးဆရာတစ်ဦးက ရေးသားထုတ်ဝေခဲ့တဲ့ LA LIBERTE´ S'APPREND (Freedom is Learning) စာအုပ်က ပြင်သစ်မှာနာမည်ကျော်ကြားနေတယ်လို့ သိရပါတယ်။

**ပထမဆုံးအနေနဲ့ ဆရာ့အကြောင်းလေးကို နည်းနည်းမိတ်ဆက်ပေးပါဦး။**

နာမည်ကတော့ဂေါ့လူနော်ဂျာပါ၊ အသက်ကတော့ ၃၀ပါ။ အဖေရဲ့နာမည်ကတော့ ဂေါ့လူနော်လာ၊ အမေကတော့ လဇွမ်ထုဘူပါ။ မွေးချင်းမောင်နှမတော့ ၇ ယောက်ပေါ့။ နှစ်ယောက်က ဆုံးသွားတော့ လက်ရှိမှာတော့ မောင်နှမ ၅ ယောက်ရှိပါတယ်။ ကျွန်တော်က ဒုတိယအကြီးဆုံးပါ။

ဆရာငယ်ငယ်တုန်းက မြစ်ကြီးနားက ဘယ်ကျောင်းတွေမှာ တက်ခဲ့လဲ။

သူငယ်တန်းကတော့ ခေမာသီရိ အ. မ. က(၁၉)၊ တစ်တန်းကနေ လေးတန်းအထိတော့ အမက(၁၄)ယုဇန၊ အလယ်တန်းနဲ့ အထက်တန်းကတော့ အထက(၃)မှာပါ။ တက္ကသိုလ်ကတော့ မြစ်ကြီးနားတက္ကသိုလ်မှာ ရူပဗေဒမေဂျာနဲ့ ပထမနှစ်မှာတော့ Day တက်တယ်။ နောက်ထပ် နှစ်နှစ်ကတော့ အဝေးသင်ပဲတက်တယ်။

**နိုင်ငံခြားပညာတော်သင် သွားဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

ကျောင်းသွားတက်ဖြစ်တာကတော့ အစက ဒီ CHAD (Community Health and Development) ရုံးမှာ အလုပ်လုပ်တယ်။ သုံးနှစ်ပြည့်တဲ့အချိန်မှာ ကျွန်တော်တို့ စိန့်ကိုလန်ဘန်ဇဝံဂေလိအမှုတော်ဆောင် စစ်စတာဆူဇန်ကနေပြီး မာစတာ သွားမတက်ချင်ဘူးလားလို့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်လည်း တက်ချင်တယ်ပြောတယ်ပေါ့၊ အစကတော့သူတို့က development နဲ့ဆိုင်တဲ့ မေဂျာတွေရွေးခိုင်းတယ်။ ကျွန်တော်က education management ကို ရွေးချယ်ဖြစ်တာပေါ့။ ကျောင်းကလည်း လွယ်လွယ်ကူကူလက်ခံလိုက်တာပေါ့။ ကျောင်းက အစကတည်းက ပညာသင်စရိတ်တစ်နှစ်ပဲပေးမယ် သွားရဲလားမေးတော့ ကျွန်တော်လည်း over confident နဲ့ တက်မယ်ဆိုပြီး သွားချင်တာပဲသိတော့ သွားတက်ဖြစ်ခဲ့တာပါ။

**နိုင်ငံခြားက ဘယ်တက္ကသိုလ်မှာ တက်ခဲ့တာလဲ။**

University of Philippines Los Banos ဆိုတဲ့ တက္ကသိုလ်မှာ တက်ဖြစ်တာပါ။ လျှောက်ကြည့်လိုက်တဲ့အချိန် ကျောင်းကလည်း လွယ်လွယ်ကူကူ လက်ခံခဲ့တာပါ။

**Philippines တက္ကသိုလ်မှာ ဘယ်နှစ်နှစ်နေခဲ့လဲ။**

၂၀၁၁ အောက်တိုဘာကနေ ၂၀၁၃ ဧပြီလအထိ နှစ်နှစ်ပါပဲ၊ နှစ်နှစ်နဲ့ အပြီးတက်ခဲ့တာ၊ ကိုယ့်ရဲ့ စာမေးပွဲရလဒ်ပေါ်မူတည်ပြီး ပရော်ဖက်ဆာတွေက ဒီဘွဲ့ ရနိုင် မရနိုင် သူတို့ဆွေးနွေးပြီး သင်ရိုးတွေကို ခွဲလိုက်ပြီးတော့ အောင်နိုင်လောက်မယ့်သူတွေကိုဆို ယူခိုင်းတယ်။ အဲ့လိုယူလို့ရတယ်။ ကိုယ်သာ တတ်နိုင်တယ်ဆိုရင်ပေါ့။ အဲ့လိုနဲ့ ကျွန်တော်လည်း အချိန်ကို ချုံ့ပြီး ယူလိုက်တယ်။

**Education management မေဂျာရွေးချယ်ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

ဒီမေဂျာကို ကိုယ်လည်း စိတ်ဝင်စားတယ်။ ပြီးတော့ တောင်ပေါ်ဒေသတွေမှာ အလုပ်လုပ်နေတုန်းက ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်သွားရတဲ့ ကလေးတွေ အများကြီးတွေ့ထားတယ်၊ အဲဒီအရာတွေကပဲ တွန်းအားတစ်ခုဖြစ်စေတာပေါ့၊ နောက်နောင်တိုင်းပြည် တိုးတက်ပြောင်းလဲသွားတဲ့အချိန်မှာတောင်ပညာရေးနဲ့ပတ်သက်တာကတော့ အကျိုးရှိနေမှာပဲလေ၊ ကိုယ့်ကိုယ်တိုင်လည်း ကြိုက်တယ်၊ အကျိုးလည်းရှိတယ်၊ အဲ့ဒါကြောင့် ရွေးချယ်ဖြစ်တာပါ။

**နိုင်ငံခြားကို ပညာတော်သင်သွားတုန်းကကော ဘယ်လိုအခက်အဲတွေ ကြုံတွေ့ခဲ့ရလဲ။**

အစက ဒီကျောင်းလျှောက်တယ်ဆိုတာကလည်း ကိုယ်တိုင် အင်္ဂလိပ်စာလေ့လာဖြစ်တာလည်း ရှိတာပေါ့။ ဒါပေမဲ့ academic ဘက်ကတော့ မလေ့လာဖြစ်ဘူးပေါ့။ ပြောပြမယ့်သူလည်းမရှိတော့၊ ဟိုကိုရောက်တော့ ကျွန်တော့်အတွက် ဘာသာစကား အခက်အခဲရှိတယ်၊ academic writing တွေမှာ အခက်အခဲဖြစ်တယ်၊ နှစ်မျက်နှာ၊ သုံးမျက်နှာပဲ ရေးခိုင်းရင်တောင် နှစ်ရက်၊ သုံးရက်ဆက်တိုက် ညလုံးပေါက်ရေးရတဲ့အချိန်တွေ ရှိခဲ့တယ်။ ကျောင်း discussion အချိန်တွေမှာဆိုရင်လည်း ဘာမှမပြောနိုင်ဘူး။ လိုက်ငေးနေရတယ်၊ အကြိမ်ကြိမ် အရှက်ရရင်းနဲ့ပဲ semester တစ်ခုပြီးသွားတယ်၊ ဒုတိယနှစ်ဝက်မှာ ဆိုရင်တော့ တဖြည်းဖြည်း လိုက်နိုင်လာတာပေါ့၊ အဓိကကတော့ ဘာသာစကားကြောင့်ပေါ့။ ကျွန်တော်က ဘာကြိုတင်ပြင်ဆင်မှုမှ မလုပ်ခဲ့ဘူး၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနဲ့ပဲ သွားခဲ့တာပေါ့။ ပြီးတော့ ပညာသင်စရိတ်အခက်အခဲတွေ၊ ငွေကြေးအခက်အခဲတွေပေါ့၊ နောက်ပြီး ဘေးပတ်ဝန်းကျင် မိဘတွေကလည်း ပညာရေးမှာ အဲ့လောက် အမြင်မရှိခဲ့ဘူးဆိုတော့ အကြံဉာဏ်လည်းမပေးတတ် ဘယ်လို ပေးရမယ်မှန်းလည်း မသိခဲ့ဘူးဆိုတော့ ကျွန်တော်က စိတ်ခံစားချက်တွေ အရမ်းပြင်းပြင်းထန်ထန်ခံစားခဲ့ရတယ်။ ကျောင်းပြီးခါနီးမှာတော့ ကျွန်တော် အိပ်မပျော် စားမဝင်ဖြစ်သွားတယ်။ ရေခွက်သေးသေးလေးတစ်ခွက်သောက်ရင်တောင် ဗိုက်ပြည့်သွားပြီ၊ အဲ့လောက်အထိကို Trauma ဖြစ်သွားခဲ့တယ်။ ၇ လလောက် ဖြစ်သွားတယ်၊ ကျောင်းလည်း မသွားရဲတော့ဘူး။ စာလည်းမလုပ်ချင်တော့ဘူး။ အဓိကက စာခက်လို့မဟုတ်ဘူး တခြားတစ်ဖက်မှာ အားပေးမယ့်သူ မရှိဘူး။ အရမ်းအထီးကျန်သလို ဖြစ်သွားတယ်။ အားလည်းတအားပြတ်သွားခဲ့တယ်။ နောက်တော့ ညစောစောအိပ်ပြီး ကျန်းမာရေးကိုအဓိက ဂရုစိုက်ဖြစ်တယ်။ ပုံမှန်ပြန်ဖြစ်အောင် လေ့ကျင့်ယူခဲ့ရတယ်။

**ဆရာ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ဘယ်လိုစိတ်ဓာတ်ခွန်အားတွေနဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရလဲဆိုတာ လူငယ်တွေအတုယူနိုင်ဖို့ပြောပြပေးပါဦး။**

ငါဒီကိုလာတာဟာ ငါ့တစ်ယောက်တည်းအတွက် လာတာမဟုတ်ဘူး။ ငါ့နောက်မှာ ငါ့လူမျိုးတွေရှိသေးတယ်။ ငါ့ကို လိုအပ်နေသေးတဲ့သူတွေ အများကြီး ရှိသေးတယ်ဆိုတာကို နားထဲမှာ ခဏခဏပြန်ကြားရတယ်။ စိတ်ကူးထဲမှာ ကိုယ့်ကို ဆုတောင်းကူပေးနေတဲ့ သူငယ်ချင်းတွေ အဘိုးအဘွားတွေ အနည်းဆုံးတော့ ကိုယ့်ကိုသတိတရနဲ့ ဆုတောင်းကူပေးနေတဲ့သူတွေရဲ့ အသံတွေပြန်မြင်ယောင်မိတာပေါ့၊ အဲ့ဒီတော့ ငါ့မှာနောက်ခံ background ကြီးရှိသေးတယ်။ ကိုယ်လုပ်ပေးရမယ့်သူတွေ အများကြီးရှိသေးတယ်ဆိုတဲ့ စိတ်လေးတစ်ခုတည်းနဲ့ ပြီးစီးအောင်တက်ရမယ်ဆိုတဲ့ စိတ်လေးဖြစ်မိတယ်။ အဲ့ဒီကနေမှ ပြန်ပြီးကြိုးစားဖြစ်ခဲ့ရာကနေ ကျောင်း ကောင်းကောင်းပြီးအောင် တက်နိုင်ခဲ့တာပါ။

**မြန်မာပြည်က တက္ကသိုလ်တက်တုန်းကနဲ့ နိုင်ငံခြားမှာသွားတက်တုန်းက ကွာခြားချက်လေးကို ပြောပြပေးပါ။**

ကွာခြားချက်ကတော့ ဒီမှာ ကကိုယ်ကြိုးစားနိုင်ရင်တောင် ကိုယ်လိုချင်တဲ့ ဘာသာရပ်ကို ယူလို့မရဘူး၊ ဟိုမှာကတော့ မင်းရဲ့နောက်ခံကို မကြည့်ဘူး၊ မင်း ဒီဘာသာယူမယ်ဆိုရင် မင်းလိုက်နိုင်လား ဆိုတာလည်းဘယ်သူမှ မမေးဘူး၊ မင်းလိုက်နိုင်လို့ ယူတာဆိုတာကို အကုန်လုံးသိတယ်ဆိုတော့ မင်းစိတ်ကြိုက် တက်လို့ရတယ်၊ မင်းသာ စာလိုက်နိုင်ရင်ပေါ့၊ အဲ့ဒါကြောင့် စိတ်တိုင်းကျတယ်။ ကိုယ်ကြိုးစားတဲ့ စာအပေါ် စိတ်တိုင်းကျ ကြိုးစားနိုင်တယ်၊ ဒီမှာဆိုရင်တော့ ကျောင်းမပြီးလို့မဖြစ်ဘူးဆိုပြီး တက်နေရသလို ဖြစ်နေတော့ တက္ကသိုလ်တက်နေရသလိုမခံစားခဲ့ရဘူး။ ဒီမှာက စာတွေ ဘာမှ မမှတ်မိဘူး။ ဟိုမှာက နေ့တိုင်းစာတွေ ဆွေးနွေးနေရတော့ စာအရမ်းလေ့လာရတယ်၊ ခွန်အားအရမ်းစိုက်ထုတ်ရတယ်၊ အဲ့လိုလေးတွေတော့ ကွာတာပေါ့။

**ငယ်ဘဝတုန်းကရော အခက်အခဲတွေ ကြုံတွေ့ခဲ့ရသေးလား။ ဘယ်လိုတွေ ကြုံတွေ့ခဲ့ရလဲ။**

ငယ်ဘဝအခက်အခဲတွေကတော့ အပေါ်ယံပြောရမယ်ဆိုရင် ကျွန်တော် ခြောက်တန်းလောက်ကနေ လက်သမား၊ ပန်းရံ စလုပ်ပြီ။ အိမ်မှာက မောင်နှမကများတော့ ကုန်စိမ်းလည်းရောင်းတယ်။ စာကျက်ချိန် သိပ်မရဘူးပေါ့။ စနေ၊ တနင်္ဂနွေ ဆိုရင်လည်း အများအားဖြင့်တော့ ကျောင်းသားဘဝမှာတော့ နေ့စားလုပ်ပြီးဘဲ အချိန်ကုန်ခဲ့တယ်၊ အလုပ်စလုပ်တုန်းကဆိုရင် တစ်နေ့ကို တစ်ရာပဲ ရခဲ့တယ်။ အဲ့လိုလုပ်တယ်၊ ရှစ်တန်း ကိုးတန်းရောက်လာတော့လည်း ဒီတိုင်းဘဲ အိမ်မှာက အဖေက အိမ်ကိုထားသွားတာ ၁၃ နှစ်လောက် ကြာသွားတယ်လေ၊ ကျွန်တော့်ရဲ့ ငယ်ဘဝဆိုတာကတော့ အားလုံး တအားခက်ခဲခဲ့တဲ့ အခြေအနေတွေကနေ ကျော်ဖြတ်ခဲ့ရတော့ ပြောလို့တောင် မကုန်နိုင်ပါဘူး။ နေ့စားက ဆယ်တန်းအထိလုပ်ခဲ့တယ်။ ကြာသပတေး၊ သောကြာဆို ခွင့်တိုင်ရပြီ။ စနေ၊ တနင်္ဂနွေနဲ့ဆိုရင် အလုပ်လုပ်ချိန် လေးရက်ရတာပေါ့လေ၊ အဲ့လိုမျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ အင်္ကျီတစ်ထည်နှစ်ထည် ဝတ်ဖို့မရှိဘူး။ ကျောင်းသွားလို့ရှိရင် ထီးမဆောင်းနိုင်လို့ ကြွပ်ကြွပ်အိတ်စွပ်ပြီး သွားခဲ့ရတယ်။ အဲ့လိုနဲ့ ဆယ်တန်းထိ ဖြတ်သန်းခဲ့ရတာပေါ့။ တက္ကသိုလ်တက်တဲ့အချိန်မှာလည်း မြေမြင့်ကနေပြီး ကျောင်းအထိ လမ်းလျှောက်သွားရတယ်။ ကျွန်တော်က day တက်တယ်၊ တစ်နှစ်တက်ကြည့်တာ မခံနိုင်တော့ဘူး။

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၈ ၊ ၂၀၁၈)

# စိတ်ပိုင်းဆိုင်ရာပါရဂူ ဒေါက်တာကြည်ဖေလင်းနှင့် အင်တာဗျူး



"Live Laugh Love Care - စိတ်သာရှင်စေ"ဆိုတဲ့ ဖေ့စ်ဘုတ်ပေ့ချ်ထောင်ပြီး စိတ်ကျန်းမာရေးနဲ့ ပတ်သက်လို့ မေးမြန်းသမျှ ပြန်လည်ရှင်းပြပေးနေတဲ့ စိတ်ပိုင်းဆိုင်ရာပါရဂူတစ်ဦးနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

**ပထမဆုံးအနေနဲ့ ဆရာရဲ့အကြောင်းလေး အရင်မိတ်ဆက်ပေးပြီး ကျန်းမာရေးဌာနမှာတာဝန်ယူမှုအပိုင်းတွေကိုမိတ်ဆက်ပေးစေချင်ပါတယ်ရှင့်။**

ကျွန်တော့် နာမည်က ဒေါက်တာ ကြည်ဖေလင်းပါ။ စိတ်ကျန်းမာရေးပါရဂူအနေနဲ့ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုလုပ်ပြီးမြစ်ကြီးနားကိုရောက်တာ ၇ နှစ်ရှိပါပြီ။

**စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး အမျိုးအစားဘယ်နှစ်မျိုးလောက်ရှိလဲ။**

စိတ်ပိုင်းဆိုင်ရာမှာတော့ အကြမ်းဖျင်းခွဲမယ်ဆိုရင် အနုစားနဲ့ အပြင်းစားဆိုပြီးနှစ်မျိုးခွဲနိုင်တယ်။ အနုစားဆိုတာက စိုးရိမ်စိတ်များတဲ့ရောဂါ၊ အကြောက်လွန်ရောဂါ၊ ရောဂါစိတ်စွဲရောဂါ စတာတွေ ဖြစ်တယ်။ မူးယစ်ဆေးဝါး ဒါမှမဟုတ် စိတ်ကိုပြောင်းလဲ စေတဲ့ဆေးတစ်မျိုးမျိုးသုံးလို့ စိတ်ဖောက်တာတွေ ပါဝင်ပါတယ်။

**စိတ်ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုလူတွေမှာ အဖြစ်များလဲရှင့်။**

စိတ်ဖောက်တာဆိုရင် မျိုးရိုးလိုက်တာမျိုးတွေ ရှိတယ်။ မူးယစ်ဆေးဝါးသုံးတဲ့သူတွေ၊ တစ်နေ့တာ စိတ်ဖိစီးမှုတွေကို ကောင်းစွာ မကိုင်တွယ်တတ်တဲ့သူတွေလည်း ဖြစ်တတ်ပါတယ်။

**ကုသမယ်ဆိုရင် ဘယ်အဆင့်အထိရောက်အောင် ကုသပေးလို့ရသလဲ။**

သူဖြစ်တဲ့ရောဂါပေါ် မူတည်ပြီးတော့ ကုသရမယ်။ လမ်းပေါ် လျှောက်သွားပြီး အော်နေတဲ့သူတွေ ဖြစ်တတ်တဲ့ စိတ် ကစဉ့်ကလျားရောဂါမျိုးတွေကအစ အနုစားလူနာတွေအဆုံး အတိုင်းအတာတစ်ခုအထိတော့ ပျောက်ကင်းနိုင်ပါတယ်။ စိတ်ဖောက်ပြန်ဖို့ အရမ်းများနေတဲ့ လူနာဆိုရင်တောင်မှ သူဖြစ်တဲ့အရာပေါ် မူတည်ပြီး သူ့ရောဂါပြန်ကောင်းနိုင်ခြေရှိပါတယ်။ သူ့ကို လတ်တလော စိတ်ဖောက်ပြန်အောင်ဖြစ်စေတဲ့ အရာတစ်ခုခု ဥပမာ သူ့စိတ်တစ်ခုလုံးကို ပြောင်းဆန်အောင် လုပ်သွားလို့ စိတ်ဖောက်ပြန်တာဆိုရင်တော့ မူလအတိုင်းပြန်ကောင်းလာနိုင်ပါတယ်။ ပြီးတော့ လူတွေကို ရှောင်ဖယ်ရှောင်ဖယ်နဲ့ အနေအေးလာမယ်၊ သန့်ရှင်းရေးကအစ အစားအသောက်တွေကို ဂရုမစိုက်တော့ဘူး။ အဲဒီလို တဖြည်းဖြည်းဖြစ်သွားတဲ့လူနာတွေဆိုရင် အချိန်ယူပြီးကုသရတယ်။ ရာနှုန်းပြည့် လူကောင်းပကတိ မဖြစ်ဘူးဆိုရင်တောင် လမ်းပေါ်လျှောက်ပြေးတဲ့ အဆင့်အထိတော့ မရောက်နိုင်ပါဘူး။ ကုသမှုကို ခံယူမယ်ဆိုရင် ပျောက်ကင်းနိုင်တယ်။

**ကုသမှုအပိုင်းမှာ ဘယ်လိုတွေကုသပေးသလဲ။**

ကျွန်တော်တို့က Bio, Psycho, Social ဆိုပြီးတော့ သုံးနည်းနဲ့ ခွဲပြီးကုသပါတယ်။ Bio ကုသမှုဆိုတာ ဆေးနဲ့ကုတယ်။ စိတ်ကျ၊ စိတ်ကြွတာတွေကို ဆေးပေးပြီး ကုသပေးတာဖြစ်တယ်။ စိတ်ဖောက်နေတဲ့သူတွေကို စိတ်ငြိမ်အောင် ပေးတာမျိုးတွေ ဖြစ်ပါတယ်။ Psycho ကုသမှုဆိုတာက စိတ်ကုထုံးလေးတွေပေးတယ်။ နှစ်သိမ့်ဆွေးနွေးခြင်း (Counseling)တွေ လုပ်ပေးတယ်။ အကြောက်လွန်ရောဂါဆိုရင်လည်းအကြောင်းအရင်းကိုရှာပြီး ကုသပေးတယ်။ မိသားစုတွေကိုလည်း ခေါ်ပြီး Counseling လုပ်ပေးတယ်။ အဲဒါမျိုးတွေ လုပ်ပေးတယ်။ Social ကုသပေးတယ် ဆိုတာက အလုပ်ကြောင့်၊ ငွေရေးကြေးရေးကြောင့် ဆိုတာကိုလိုက်ပြီး ဖြေရှင်းပေးတယ်။ နိုင်ငံခြားတွေမှာတော့ ပိုပြီးတော့ လိုက်ပြီးဖြေရှင်းပေးပါတယ်။ ဒီသုံးမျိုးပေါင်းပြီးတော့ လုပ်ပေးနိုင်တယ်ဆိုရင် လူကောင်းဖြစ်သွားနိုင်တဲ့သူ ရှိသလို အရမ်းကြီးတော့ မဖြစ်အောင်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

**ကုသမှုပိုင်းမှာ ပြီးဆုံးအောင်ကုသမှုတွေ ရှိသလား။ စိတ်ပိုင်းဆိုင်ရာ ဝေဒနာရှင်တွေအနေနဲ့ ဘယ်အခြေအနေအထိ ကုသကြသလဲ။**

ဖြေရှင်းဖို့လုပ်ခိုင်းပေးမယ့်လိုက်မလုပ်တာ များတယ်။ တချို့ကျတော့ ကုသမှုခံယူပြီး ပြန်သွားကြတယ်။ တချို့ကျတော့ ဆေးယူပြီး ပြန်သွားတယ်။ ပျောက်ကင်းမကင်း ပြန်မလာကြဘူး။ Psycho ကုသမှုကိုတော့ အခြေအနေအရ ထိရောက်စွာ မကုသပေးနိုင်ဘူး။ Psycho လိုကုသရမယ့် အခြေအနေကိုဆေးတွေပဲပေးပြီးတော့ မပျောက်ကင်းနိုင်ပါဘူး။ Psycho လိုကုသရမှာကို Psycho လိုကုသမှ ပျောက်ကင်းနိုင်မှာဖြစ်တယ်။ သူ့ကို ဘယ်လောက်ထိ လိုက်လုပ်ပေးနိုင်မလဲဆိုတဲ့အပေါ် မူတည်ပြီး ပျောက်ကင်းနိုင်မှာဖြစ်ပါတယ်။ ဆေးကိုလည်း ပုံမှန်သောက်ဖို့ လိုအပ်ပါတယ်။

**လမ်းပေါ်မှာ လျှောက်သွားပြီး စိတ်မနှံ့တဲ့သူတွေဆိုရင် လူကောင်းပြန်ဖြစ်အောင် ဘယ်လို ပြန်လုပ်ပေးနိုင်ပါသလဲ။**

အုပ်ချုပ်ရေးပိုင်းကနေလာပို့ပြီး ကုသခံယူမှုတွေ လုပ်ပေးတာမျိုး၊ ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ စိတ်ကျန်းမာရေး ကုသဆေးရုံကြီးတွေမှာ ပို့ပေးတာမျိုးတွေလုပ်ကြပါတယ်။ ဒီလိုလူနာတွေ လူကောင်းပကတိပြန်ဖြစ်ဖို့အတွက် သူ့ကို တာဝန်ယူကြည့်ရှုပေးမယ့် အဖွဲ့တွေလိုပါတယ်။ အဲဒီလိုတွေ ရှိရင်တော့ ပျောက်ကင်းနိုင်မှာဖြစ်ပါတယ်။ သူ့နေရာမှာ သူဆိတ်ငြိမ်စွာနေအောင် ကုသပေးလို့ရပါတယ်။

**စိတ်ကျန်းမာရေးဝေဒနာ ခံစားနေရတဲ့သူတွေက သာမန်လူတွေကို အန္တရာယ်ပြုနိုင်သလား။**

သူတို့ခံစားနေရတဲ့ဝေဒနာပေါ် မူတည်ပြီး ပြုနိုင်ပါတယ်။ သူတို့ရဲ့နားထဲမှာ အသံတွေ အလိုလို ကြားနေတာမျိုးတွေ ဖြစ်တတ်ကြပါတယ်။ သီချင်းသံတွေပဲ ကြားနေရင်တော့ ကချင်ကမယ်၊ သီချင်းအော်ဆိုရင် ဆိုနေမယ်။ အဲဒါကတော့ ပြဿနာမရှိဘူး။ မင်းကိုသတ်မယ်၊ သူ့ကိုသတ်လိုက်ဆိုတာမျိုးကအစ ရန်လိုတဲ့အသံတွေ ကြားနေရရင်တော့ သူက ပြန်တုံ့ပြန်တဲ့အနေနဲ့ ရန်မူတတ်ပါတယ်။ တစ်ယောက်ချင်းဆီ ဘယ်လိုခံစားနေရတယ်ဆိုတဲ့ စိတ်ခံစားရမှုပေါ်မှာပဲ မူတည်ပါတယ်။ အဲဒီလိုဆိုရင်တော့ ရှောင်သင့်ပါတယ်။

**ကချင်ပြည်နယ်မှာကုသမှုတွေ ပေးတဲ့နေရာ ဘယ်နှစ်ခုလောက်ရှိပါသလဲ။ အချိန်ဘယ်လောက်ကြာတဲ့ အထိကုသပေးရသလဲ။**

ပြည်သူ့ဆေးရုံကြီးမှာ ကုသပေးနေပါတယ်။ အပြင်ဆေးရုံ၊ ဆေးခန်းတွေမှာလည်းကုသပေးတယ်။ မူးယစ်ဆေးဖြတ်ဆေးရုံမှာလည်း ကုသပေးမှုတွေရှိပါတယ်။ ရက်ပိုင်းပဲကုသလို့ ပျောက်တဲ့ ဝေဒနာမဟုတ်ဘူး။ လပိုင်း ကုသပေးရသလို အချို့က နှစ်ရှည်စွာကုသပေးရမယ့်သူတွေရှိပါတယ်။

**လူနာတစ်ယောက်ကို ကုသပေးဖို့ လူနာရှင်တွေအနေနဲ့ ဘယ်လိုတွေ ပြင်ဆင်လုပ်ဆောင်ရမလဲ။**

စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ခံစားနေရသူဆိုတာကို သဘောပေါက်နားလည်ပေးနိုင်ရမယ်။ စိတ်ဖောက်နေတဲ့အတွက် အိပ်ချင်အိပ်မယ်၊ အော်ဆဲတာမျိုး လုပ်ရင်လုပ်မယ်။ သူတို့ကိုထိန်းဖို့အတွက်ကတော့ နေ့စဉ် ၂၄ နာရီစောင့်ကြည့်ပေးနေရတဲ့အတွက် တကယ် မလွယ်ကူဘူး။ မိသားစုက သူ့ကို နားလည်မပေးဘူးဆိုရင် ပိုဆိုးလာနိုင်ပါတယ်။ သာမန်လူတွေက ကုသမှုခံယူရကောင်းမှန်း သိတဲ့အတွက် သက်သာပျောက်ကင်းနိုင်ပေမယ့်၊ သူတို့က ကုသခံယူရကောင်းမှန်း မသိကြဘူး။ အခြားတစ်ယောက်က ကုသရမယ်ဆိုမှ သူကုသမှုကို ရရှိမှာဖြစ်တယ်။ Insight ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ်ရောဂါဖြစ်နေတယ်ဆိုတာ လက်ခံနိုင်တဲ့စိတ်ရှိမှသာ ကုသမှုခံယူနိုင်မှာဖြစ်တယ်။ အဲဒါမရှိရင်တော့ မိသားစုပါမှသာ ကုသပေးနိုင်မှာ ဖြစ်ပါတယ်။

**ကုသမှုခံယူတဲ့သူတွေက ဘယ်လိုအခြေအနေရောက်မှ လာကုသတာမျိုး ရှိသလဲ။**

အခုက အမြင်ပွင့်လာကြတာ၊ အရင်ကဆိုရင် ဆေးကုသခံယူရကောင်းမှန်းလည်း မသိကြဘူး။ နတ်ကိုင်တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ပယောဂဆရာတွေဆီ အရင်သွားကြတယ်။ ဆေးရုံကိုတော့ အရင့်စားစိတ်ဖောက်တာမျိုးရှိမှ လာကြတယ်။ လူတွေက စိတ်ကျန်းမာရေးဆရာဝန်တွေနဲ့ ပြဖို့ကျတော့ အရှူးလို့ထင်သွားမယ်ဆိုတာမျိုးစိတ်ကြောင့် အထွေထွေသမားတော်တွေ ပို့သည့်တိုင်အောင် မသွားချင်ကြဘူး။ ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ လက္ခဏာလို့ပဲ သူတို့မြင်တယ်။ စိတ်ကြောင့်ဆိုပြီး မခံယူကြဘူး။ တော်တော်နဲ့ မရောက်လာဘူး။ အရမ်း အခြေအနေဆိုးတဲ့ အခြေအနေကျမှ ရောက်လာကြတယ်။ ဆေးကိုစွဲပြီး မသောက်ချင်ကြဘူး။ အခြေအနေပေါ် မူတည်ပြီး ဆေးသောက်ရမှာ ဖြစ်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ် သတ်သေနိုင်တဲ့အဆင့်အထိက ဘယ်လိုအခြေအနေမှာ ရောက်သွားနိုင်သလဲ။**

စိတ်ကျရောဂါ ဖြစ်တဲ့အချိန်မှာဖြစ်တတ်ပါတယ်။ ကိုယ်မရှိမှကောင်းမယ်ဆိုပြီး သတ်သေတာမျိုး ဖြစ်နိုင်ပါတယ်။ နားထဲမှာ ကြားနေရတဲ့အသံက သူတို့သတ်သေဖို့ ပြောတာမျိုးတွေဆိုရင် လုပ်တတ်တယ်။ စိတ်ကြွတာမျိုးဆိုရင်တော့ သူတို့ကိုယ်သူတို့ ခုန်နိုင်တယ်ဆိုတာမျိုးဆိုရင်လည်း တိုက်ပေါ်က ခုန်ချသေတာမျိုးတွေ ဖြစ်တတ်ပါတယ်။

**ဒေါက်တာအနေနဲ့ စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး ကုသမှု၊ ဝန်ဆောင်မှုတွေ ပေးနေသလဲ။**

"Live Laugh Love Care - စိတ်သာရှင်စေ" ဆိုတဲ့ Facebook Page ထောင်ထားပြီးတော့ ဖုန်းဆက်လာလို့ရှိရင် စာပို့လာလို့ရှိရင် လက်ခံစကားပြောပေး၊ ဆွေးနွေးပေးပါတယ်။ ဒီ Facebook Page မညိုလဲ့ရီနဲ့အတူ ထောင်ထားတာဖြစ်ပါတယ်။ တစ်နှစ်ကျော်အတွင်းမှာ အခြားနယ်ကလာပြီး ဆွေးနွေးတာ ရှိပါတယ်။ ကောင်းတယ်မကောင်းဘူးဆိုတာကိုတော့ မသိနိုင်ပါဘူး။ လက်ရှိခံစားနေရတဲ့ ပြဿနာကိုကျွန်တော်နဲ့စကားပြောပြီး လမ်းကြောင်းပေးတာမျိုး၊ ဒေါက်တာကြီးတွေနဲ့ ချိတ်ဆက်ပေးတာမျိုးတွေ ရှိပါတယ်။

**ကချင်ပြည်နယ်မှာ စိတ်ဝေဒနာခံစားနေရတဲ့သူ တစ်ယောက်အနေနဲ့ ကုသမှုခံယူချင်တယ်ဆိုရင် ဒေါက်တာကို ဘယ်နေရာတွေမှာ တွေ့နိုင်မလဲ။**

ဖုန်းနဲ့လက်ခံစကား ပြောပေးတာမျိုးကပဲ များပါတယ်။ လူတွေ့ပြောဆိုရတာကပိုပြီးကောင်းပါတယ်။ အေးမြသာယာ နှစ်ထပ်ဈေးကြီးရှေ့က ချမ်းမြေ့ဆေးခန်း၊ မလိဇ္ဇပ်ဆေးရုံနဲ့ ရှမ်းတော်သာဆေးရုံမှာတွေရှိပါတယ်။ အဲဒီကိုလာပြီး ဆွေးနွေးနိုင်ပါတယ်။

**စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ဆောင်ရန် ရှောင်ရန် အချက်တွေကို ဖြည့်စွက်ပြောပြပေးပါဦး ဆရာ။**

စိတ်ပိုင်းဆိုင်ရာဝေဒနာက ကူလို့မရတဲ့ ဝေဒနာထဲမှာ မပါ ပါဘူး။ မိသားစု၊ လုပ်ဖော်ကိုင်ဖက်၊ သူငယ်ချင်းတွေက နေပူးပေါင်းပါဝင်ပေးဖို့လိုအပ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာဝေဒနာက လူတိုင်းဖြစ်နိုင်တဲ့ ဝေဒနာထဲမှာပါဝင်တဲ့အတွက် ခွဲခြားဆက်ဆံတာမျိုးတွေ မလုပ်ကြဖို့ လိုအပ်ပါတယ်။ မကြောက်ဖို့ ပြောချင်ပါတယ်။

မွန်းမွန်းပန်

# မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်နှလုံးနှင့်သွေးကြောရောဂါဖြစ်ပွားသူ ၇၅ ရာခိုင်နှုန်းခန့်ရှိ

အောက်တိုဘာ ၄

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှလုံးနှင့် သွေးကြောရောဂါဖြစ်ပွားသူ ၇၅ ရာခိုင်နှုန်း ခန့်ရှိသည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် စက်တင်ဘာလ ၂၉ ရက်နေ့က ကျရောက်သော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် နှလုံးနှင့်သွေးကြောရောဂါနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့်နှလုံးနှင့် သွေးကြောရောဂါများကို ပိုမိုသတိပြုမိစေရန်နှင့် အဆိုပါရောဂါများကို ဖြစ်စေတတ်သည့် အကြောင်းတရားများကို သတိပြုရှောင်ကြဉ်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ကမ္ဘာပေါ်တွင် နှလုံးနှင့်သွေးကြောလူနာပေါင်း ၁၇ ဒသမ ၇ သန်းခန့် နှစ်စဉ်သေဆုံးနေရသည်ဟုလည်း ပြည်ထောင်စုဝန်ကြီးမှ သတိပေးပြောကြားထားသည်။

ထိုရောဂါများ မဖြစ်ပွားအောင် ပြည်သူများအနေဖြင့် အဆီများသော၊ အငန်များသော၊ အစားအစာများကို ရှောင်ကြဉ်ခြင်း၊ ဆေးလိပ်နှင့်အရက်ကို ရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားများပြုလုပ်ခြင်းကဲ့သို့သော နေထိုင်စားသောက်မှု ပုံစံများကို ကျင့်သုံးကာကွယ်ရမည်ဟုလည်း ဖော်ပြထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့်လည်း မကူးစက်တတ်သောရောဂါများ၊ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းအမျိုးမျိုးကို ကာကွယ်နိုင်ရန် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောမှုများကို လာရောက်နားထောင်သူများအတွက်သာမက တစ်နိုင်ငံလုံးရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကျန်းမာရေးအသိပညာပေးဟောပြောမှုများကို ရုပ်သံရိုက်ကူးပြီး အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းကြေညာထားပါသည်။

ယခု ၂၀၁၈ ခုနှစ်၏ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ My Heart, Your heart for all our Hearts ဖြစ်သည်။

ဆိုင်း(ကချင်မြေ)

## Movie View

▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

၅ - ၁၀ - ၂၀၁၈ မှ ၁၁ - ၁၀ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ နာရီ ၊ ည ၇ း ၀၀ နာရီ ညနေပိုင်း ၃ နာရီ စသည့် ပွဲချိန်များတွင် - **တည်ကြက်**




# မြစ်ကြီးနားမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

အောက်တိုဘာလ ၁ရက်နေ့တွင် ကျရောက်သည့် ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပကာ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကား ပြောကြား၍ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး ဒုတိယပိုင်း အစီအစဉ်အစတွင် ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထက်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များထဲမှ စွမ်းစွမ်းတမံ မှုခင်းဖော်ထုတ်နိုင်ခဲ့သူများနှင့် ဖမ်းဆီးခဲ့သူများကို ဆုချီးမြှင့်ခဲ့သည်။ ထိုသို့ ဆုချီးမြှင့်ခြင်း ခံရသူများမှာ ဝိုင်းမော်မြို့နယ်တွင် တရုတ်နိုင်ငံသားနှစ်ဦးကို သတ်၍ဆိုင်ကယ် လုယူထွက်ပြေးတိမ်းရှောင်သွားသူ နှစ်ဦးကို ဖမ်းဆီးခဲ့သည့် ဒုရဲမှူးကျော်စိုး၊ ဒုရဲအုပ်သိန်းမင်းထွဋ်တို့ကို လည်းကောင်း၊ လုံးခင်း-ဖားကန့်သွား ကားလမ်းမဘေးတွင် အမည်မသိ အမျိုးသားတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော လုံးခင်းနယ်မြေရဲစခန်းမှ ဒုရဲမှူး စိန်မြင့်ထွန်း၊ ရဲအုပ်သစ်လွင်၊ ရဲတပ်ကြပ်ကြီး ထွန်းထွန်းဝင်းတို့ကို လည်းကောင်း၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော စကိုင်းနက်နှင့် တယ်လီနောငွေဖြည့်ကဒ် အရောင်းကိုယ်စားလှယ်ရုံးခန်းရှိ တယ်လီနော ငွေဖြည့်ကဒ်မျိုးစုံ (ကာလတန်ဖိုး ကျပ် ၂၆၆သိန်းကျော်) ပျောက်ဆုံးမှုကို ဖော်ထုတ်ခဲ့သည့် မြစ်ကြီးနား မြို့မရဲစခန်းမှ ဒုရဲမှူးမင်းမင်း၊ ရဲအုပ်ဇင်ကိုကို တို့ကို လည်းကောင်း၊ မိုးကောင်းမြို့တွင် လေးတန်းကျောင်းသူတစ်ဦးအား အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့သည့် အမှုကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် မိုးကောင်းမြို့မရဲစခန်းမှ မျိုးညွန့်၊ ရဲတပ်ကြပ်ကြီး မြင့်ကိုကိုတို့ကိုလည်းကောင်း၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးခဲ့သည့် ရွှေကူမြို့မရဲစခန်းမှ ဒုရဲမှူးဟန်မွေး၊ ဒုတပ်ကြပ်စောအယ်ထူးတို့ကို လည်းကောင်း၊ မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်နေ အမျိုးသမီးတစ်ဦး၏ နေအိမ်အိပ်ခန်းအတွင်းမှ ရတနာပစ္စည်းများ ပျောက်ဆုံးသည့် အမှုကို ဖော်ထုတ်နိုင်ခဲ့သည့် မြစ်ကြီးနား နယ်မြေရဲစခန်းမှ ဒုရဲမှူးဇော်လင်း၊ ရဲအုပ်ကိုကိုနိုင်၊ ဒုတပ်ကြပ်ကျော်သန်း တို့ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်ရှိ မိုဘိုင်းနှင့် ကွန်ပျူတာအရောင်းဆိုင်အတွင်းမှ လက်တော့ပ်များ ပျောက်ဆုံးသည့်အမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် မြစ်ကြီးနားနယ်မြေရဲစခန်းမှ ဒုရဲအုပ် သိန်းဝင်းထွန်း၊ တပ်ကြပ်သောင်းမြင့်၊တပ်သားမင်းဇော်ဦး၊ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များတွင် ပျောက်ဆုံးခဲ့သည့် ဆိုင်ကယ်ခိုးမှုများကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် မြစ်ကြီးနား မြို့မရဲစခန်းမှ တပ်ကြပ်ကျော်ကျော်ဟိန်း၊ ဒုတပ်ကြပ် ဇော်ဇော်နိုင်၊ ဒုတပ်ကြပ်သန်းဝင်း၊ ဗန်းမော်မြို့တွင် ရွှေဆွဲကြိုး လုယူထွက်ပြေးသော အမှုကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ကြပ် ညီဇင်လင်းကိုလည်းကောင်း၊ စိတ်ကြွဆေးပြား ၆၀၀၀၀ ကျော်နှင့် ဘိန်းဖြူဆပ်ပြာခွက် စုစုပေါင်း ၇၃ ခွက်ကို ဖမ်းဆီးခဲ့ပြီး ကွင်းဆက်လိုက် ဖော်ထုတ်ခဲ့သည့် ဟိုပင်နယ်မြေရဲစခန်းမှ ဒုရဲအုပ် ဆုဝေ၊ တပ်ကြပ် ဝေဖြိုးဦး၊ တပ်သား အောင်ကိုလတ်တို့ကိုလည်းကောင်း ဆုအသီးသီး ချီးမြှင့်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များလုပ်ငန်း ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သော မြစ်ကြီးနားရှမ်းစုမြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မန်ခိန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလီဆီးဆိုရ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည်၊

ထို့အပြင် ရဲချုပ်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမြင့်ခုန်အားကစားနည်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မိုးညှင်းမြို့မရဲစခန်းမှ ဒုတပ်ကြပ် နေမျိုးလင်းကိုလည်းကောင်း၊ တပ်သားသစ် အများဆုံးစုဆောင်းနိုင်ခဲ့သည့် ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသန်းဝင်းအောင် ကိုလည်းကောင်း၊ ၂၀၁၇-၁၈ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်တို့၏ သားသမီးများကိုလည်းကောင်း၊ ပြည်နယ်/ခရိုင်/မြို့နယ်/မူးယစ်(အထူး) တို့မှ စံပြထူးချွန်ဆု၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေး(ပထမ) ဆုနှင့် သားကောင်းမိခင်ဆု ရရှိသူများကိုလည်းကောင်း ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့တွင် တပ်ဖွဲ့နေ့အခမ်းအနားကျင်းပကာ ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။


Ann/Benadeth

| ဆိုင်ကယ်ဈေးနှုန်း (KENBO Show-room) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၆၅၀၀၀/၇၄၅၀၀၀ ကျပ် |
| CANDA | ၅၇၀၀၀၀ ကျပ် |
| SHAYAN | ၅၇၀၀၀၀ ကျပ် |
| FEILING | ၅၇၀၀၀၀ ကျပ် |
| JIA LING | ၆၇၅၀၀၀ ကျပ် |
| CYCLONE | ၁၀၁၅၀၀၀ ကျပ် |

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း



| | |
|---|---|
| **အာဏာရှင်မင်းအစိုးရတို့၏ ယတြာများ** | |
| စာရေးသူ | = သန်းဝင်းလှိုင် |
| စာအုပ်တိုက် | - ရွှေဖဲ့မာန်စာအုပ်တိုက် |
| တန်ဖိုး | = ၃၀၀၀ ကျပ် |

ရှေးမြန်မာမင်း အဆက်ဆက်မှ မျက်မှောက်ခေတ်အုပ်ချုပ်သူများအထိ အာဏာတည်မြဲရေးအတွက် ယတြာအမျိုးမျိုးချေခဲ့ကြသည်ဟု အစပြုပြီး ယတြာနှင့်ပတ်သက်သည့် အကြောင်းအရာ အသေးစိတ်များ ယတြာချေပုံချေနည်းများကို ခေါင်းစဉ်ခွဲများရေးကာ အခန်း(၁၅)ခန်းရေးသားထားပါသည်။ ဦးသန်းရွှေ၏ ယတြာများ၊ စစ်အာဏာရှင်ကြီး၏ ကိန်းဂဏန်းဗေဒင်များ၊ ဆင်ဖြူရတနာအပေါ် စွဲလမ်းယုံကြည်မှုများ စသည်တို့လည်း ပါဝင်သည်။


မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာနိုင်ငံ ဖြစ်သော်လည်း မဟာယာနနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှစ်ရပ်စလုံးကိုပင် ရောနှောယုံကြည်ကိုးကွယ်ကြသည်။ ထို့ပြင် ဗုဒ္ဓသာသနာနှင့်မဆိုင်သော နတ်၊ ဟိန္ဒူဗြဟ္မဏ အယူဝါဒများကိုလည်း သက်ဝင်ယုံကြည် ကိုးစားကြသည်။

အသွေးအရောင်တစ်မူထူးခြားသည့်သတ္တဝါတို့ကိုမင်္ဂလာရှိသည်။ အတိတ်ထူး၊နမိတ်ထူးရှိသည်။ တန်ခိုးအာနိသင်ရှိသည်ဟု ယုံကြည်ကြသည်။ မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် ကျီးဖြူ၊ ဥဒေါင်းဖြူ၊ နွားဖြူ၊ မြင်းဖြူ၊ ဆင်ဖြူတော်တို့ နမိတ်ကောင်းစာရင်းဝင်သတ္တဝါများဟု ခံယူယုံကြည်ကြပြီး ယင်းတို့သည် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံ၍ လူသားတို့အတွက် ကောင်းကျိုးချမ်းသာပေးသည် မှတ်ယူခဲ့ကြသည်။

ကျီးဖြူ၊ ဥဒေါင်းဖြူ တို့ကို ရွှေလှောင်အိမ်နှင့် မွေးမြူကြပြီး မြင်းဖြူ၊နွားဖြူ၊ ဆင်ဖြူတော်တို့ကိုလည်း ပိုင်ဆိုင်လိုကြသည်။ ယင်းတို့အနက် ဆင်ဖြူတော်ကို ရတနာတန်းဝင်သတ္တဝါဟု သတ်မှတ်၍ ဆင်ဖြူရတနာပိုင်ဆိုင်လိုမှုကြောင့်ဖြစ်ပွားခဲ့သော စစ်ပွဲများ၊ မြန်မာ့သမိုင်း၌ မနည်းလှပေ။ ဆင်ဖြူတော်သူ့အလိုလိုပေါ်လာလျှင်ပင်ထိုအချိန်ကာလ၌ စိုးစံနေသော မင်း သို့မဟုတ် အစိုးရမင်းတို့အတွက် ဘုန်းကံကောင်းမည့် အတိတ်နိမိတ်ကောင်းသည်ဟူ၍ မှတ်ယူယုံကြည်ကြသည်။

ရှေးက မြန်မာမင်းများသည် မြင်းစီးရာ၌ အထူးသဖြင့် မြင်းဖြူများကို သာစီးကြသည်။ လယ်ထွန်မင်္ဂလာ ပြုသောအခါ၌လည်း နွားဖြူများကိုသာရွေး၍ အသုံးပြုတတ်ကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယပြည်တွင် မဟာရာဇာစော်ဘွားများသည် ကျားဖြူများကိုပင် မွေးမြူထားပြီး ပိုင်ဆိုင်သည်ကို ဂုဏ်ယူဝင့်ကြွားတတ်ကြသည်။ ဆင်ဖြူများစွာ ပိုင်ဆိုင်သော မင်းဧကရာဇ်ကို တန်ခိုးအာနုဘော် ကြီးမားသည်ဟု ယုံကြည်ခဲ့ကြသည်။ ( စာ - ၈၃ မှ)

---



| | |
|---|---|
| **ဒူးလေးမောင်** | |
| စာရေးသူ | = ဒါဆော်ခဲ့ |
| စာအုပ်တိုက် | = ခရစ်ယာန်ဆီမီးစာပေ |

လီဆူလူမျိုးတို့၏ ယဉ်ကျေးမှု၊ ရိုးရာနှုတ်ပြောသမိုင်း၊ လီဆူနှင့်ပတ်သက်သည့် ကိုးကွယ်မှု၊ နတ်အကြောင်း အိမ်ထောင်ရေးဓလေ့များ၊ ထိမ်းမြားလက်ထပ်မှုများ၊ စသည့် ယဉ်ကျေးမှုများကို ဖော်ထုတ်စုစည်းထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ လီဆူနှင့်ဒူးလေးမှသည် လီဆူနှင့်စကားပုံများအထိ၊ သင်ခန်းစာများအထိပါဝင်သည့် လေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"လီဆူလူမျိုးတို့ ရေထက်မီးကို ပိုပြီးတန်ဖိုးထားတတ်ကြပါသည်။ ရေ၏တန်ဖိုး ကောင်းကောင်း နားမလည်သေးကြောင်း ဝန်ခံပါသည်။ မီးရှိနေရင် ဖုတ်စား၊ ကင်စား၊ ချက်စားနဲ့ နွေးနွေးလေးနေနိုင်ပါသည်။

မီးကို ပတ်ဝန်းကျင်မိတ်ဆွေများအိမ်မှ တောင်းယူနိုင်ပါသည်။ မိုးကြိုးပစ်ပြီး မီးလောင်နေတဲ့နေရာမှာလည်းရနိုင်ပါသည်။ နောက် အရာဝတ္ထုတစ်ခုနှင့်တစ်ခု တိုက်မိခြင်းအားဖြင့်လည်း မီးကိုရရှိနိုင်ပါသည်။ မိတ်ဆွေ အိမ်နီးနားချင်းမှရတဲ့ မီးနှင့်မိုးကြိုးပစ်ခံရတဲ့နေရာမှရတဲ့ မီးသည် အစိုင်အခဲဖြစ်ပြီး လွယ်လွယ်နှင့် သုံးစွဲနိုင်ပါသည်။

အရာဝတ္ထုတစ်ခုနှင့်တစ်ခု တိုက်မိခြင်းအားဖြင့်လည်း မီးကလွယ်လွယ်နဲ့သုံးစွဲလို့မရနိုင်ပါ။ မီးပွင့်မီးပန်းမျှသာ ဖြစ်သဖြင့် မီးစွဲလောင်လာအောင် အရာဝတ္ထုတစ်ခုနှင့် ဖမ်းယူရပါသည်။ မီးပွင့်မီးပန်းကို ဖမ်းဖို့မီးစာ လိုအပ်ပါသည်။ မီးစာနှင့် မီးပွင့်ထိမိပြီး မီးစွဲလောင်လာမှ မီးအစိုင်အခဲဖြစ်လာနိုင်ပါသည်။ လွယ်လွယ်ကူကူ မီးပွင့်မီးပန်းထွက်လာနိုင်အောင် အရာဝတ္ထုနှစ်ခုလည်း လိုနေပြန်ပါသည်။ အရာဝတ္ထုနှစ်ခုမှာ သံပြားတစ်ခုနှင့် ကျောက်မာတစ်တုံးဖြစ်ပါသည်။မိုးကြိုးလျှပ်စီးကို မိုဂူခဲ့ကျိုလို့ခေါ်ပြီး ရိုးရိုးမီးခြစ်ကို ခဲ့ဂျိုလို့ ခေါ်ပါသည်။ ကျောက်တုံးပေါ်မှာ မီးစာတင်လက်တစ်ဖက်ဖြင့် ကိုင်ထားပြီးလက်တစ်ဖက်မှသံမဏိသံပြားဖြင့် တအားဆောင့်ခြစ်ချလိုက်ရပါသည်။ ထွက်ပေါ်လာတဲ့မီးပန်းက မီးစာနှင့်ထိမိပြီး မီးစွဲလာနိုင်ပါသည်။ မီးခြစ်ကျောက် ကျောက်တုံးမှာ အဖြူရောင် ပိုကောင်းပါသည်။

တောင်ပေါ်မှာခဲ့ဂျီဇာခေါ် မီးခြစ်၊ မီးစာမြက်တစ်မျိုးပေါက်ပါသည်။ မီးစာမြက်အခြောက်လှန်းပြီး ထောင်းအခွံအမှိုက်ချွတ်ပစ်ရပါသည်။ ပိုပြီးခြောက်အောင် မီးကင်ပြီး ပြန်ထောင်းလိုက်ရင် ဝါဂွမ်းကဲ့သို့ ဖွာဖွာလေး ဖြစ်လာပါသည်။ (စာ - ၇၆ မှ)

## မြစ်ကြီးနားမြို့ကုန်စည်ဈေးနှုန်း
### ( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၅၀၀ကျပ် |
| ပဲစဉ်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆီ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/ ၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၉၈၇၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၃၂၀၀၀ ကျပ် |

# ဝိုင်းမော်မြို့နယ်မှ မသန်စွမ်းပြည်သူ လေးရာခန့်ကို လူ/ကယ်/ပြန်/ ဝန်ကြီးဌာန ထောက်ပံ့

ဝိုင်းမော်၊ အောက်တိုဘာ ၃

ဝိုင်းမော်မြို့နယ်အတွင်းရှိ မသန်စွမ်းပြည်သူများအား ထောက်ပံ့ငွေပေးအပ်သည့်အခမ်းအနားကို ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာလ ၂ ရက်က ပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဝိုင်းမော်မြို့နယ်မှ မသန်စွမ်းပြည်သူ ၃၇၈ ဦးအား တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"အကြောင်းအမျိုးမျိုးနဲ့ ဖြစ်လာတဲ့ မသန်စွမ်းတွေကို အစိုးရအနေဖြင့် နိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုတဲ့အနေနဲ့ ထောက်ပံ့တာဖြစ်လို့ နည်းတာဖြစ်စေ စိတ်ထဲမထားဘဲ လက်ခံပေးကြပါ။ မသန်စွမ်းသူနဲ့ ကျွန်ုပ်တို့အားလုံးဟာ တန်းတူဖြစ်တဲ့အတွက် ခွဲခြားခြင်းမျိုးလည်း မပြုလုပ်ဘဲ မိမိတတ်နိုင်တဲ့ဘက်က ကူညီရမှာဖြစ်တယ်"ဟု ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျူးက ပြောသည်။

ထို့အပြင် ကမ္ဘာပေါ်တွင် မသန်စွမ်းသူများသည် သာမန်လူများထက်ပို၍ အောင်မြင်မှုရရှိကြသူများလည်း ရှိသည့်အတွက် မသန်စွမ်းသူများအနေဖြင့် စိတ်အားမငယ်ဘဲ မိမိတတ်နိုင်သည့် ကဏ္ဍမှကြိုးစားကြရန်လည်းလိုအပ်ကြောင်း ဦးလဂန်ဇယ်ဂျူးက ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ယခုလို ထောက်ပံ့ပေးအပ်ခြင်းကို ကျေးဇူးတင်ကြောင်းနှင့် လူ ၁၀၀ တွင် ၉၉ ရာခိုင်နှုန်းသည် တစ်ချိန်ချိန်တွင် အသက်အရွယ်အရ မသန်စွမ်းသူများဖြစ်လာနိုင်သည့်အတွက် လူသားတိုင်းက မသန်စွမ်းအရေးကို လျစ်လျူရှုမထားဘဲ ပါဝင်ကူညီပေးကြရန်၊ မသန်စွမ်းသူများကို ရှုံ့ချပြောဆိုဝေဖန်ခြင်း၊ ကဲ့ရဲ့ခြင်းများလည်း မပြုလုပ်ကြရန် ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌဦးဂျီဇုန်းဆောင်က ပြောသည်။

ထောက်ပံ့ကြေးများကို ရွှေညောင်ပင်ကျေးရွာမှ ၃ ဦး၊ ရှငေါ်ကျေးရွာမှ ၅ ဦး၊ နောင်စီပေါမှ ၇ ဦး၊ အောင်မြေ ၂ ကျေးရွာမှ ၁ ဦး၊ နောင်ဟီးကျေးရွာမှ ၆ ဦး၊ နောင်တာလောကျေးရွာမှ ၅ ဦး၊ မန်ဒေါင်ကျေးရွာမှ ၆ ဦး၊ မခန္တီးကျေးရွာမှ ၂၀ ဦး၊ ခတ်ချိုကျေးရွာမှ ၄၄၊ ဝူယန်ကျေးရွာမှ ၅၂ ဦး၊ အောင်မြေ ၁ ကျေးရွာမှ ၉ ဦး၊ မိုင်းနားကျေးရွာမှ ၂၃ ဦး၊ နန့်ဝါကျေးရွာမှ ၁၅ ဦး၊ စန်းကားကျေးရွာမှ ၅၀ ဦး၊ မုတ်လွဲကျေးရွာမှ ၁၄ ဦး၊ အမှတ် ၅ ရပ်ကွက်မှ ၂ ဦး၊ အမှတ် ၄ ရပ်ကွက်မှ ၂ ဦး၊ အမှတ် ၃ ရပ်ကွက်မှ ၃၆ ဦး၊ အမှတ် ၂ ရပ်ကွက်မှ ၄ ဦး၊ မဒိန်ကျေးရွာမှ ၁၉ ဦး၊ နောင်းချိန်းကျေးရွာမှ ၁၁ ဦးနှင့် ဝါရှောင်ကျေးရွာမှ ၄၄ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး၊ ကျေးရွာ၊ ရပ်ကွက်စုစုပေါင်း ၂၂ ခုရှိ မသန်စွမ်းများကို ငွေကျပ် ၁၁၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။




ကချင်ပြည်နယ်တွင် မသန်စွမ်းညီလာခံကျင်းပကာ ပြည်နယ်ကိုယ်စားပြု မသန်စွမ်းအလုပ်အမှုဆောင်များ ရွေးချယ်ခန့်ထားမည်ဖြစ်သဖြင့် ထို ညီလာခံကျင်းပသည့်အခါ မသန်စွမ်းသူများတက်ရောက်ကြရန်နှင့် ဉာဏ်ရည်မမီသည့် မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ မိဘနှင့် ညီအစ်ကိုမောင်နှမများမှ ကိုယ်စားပြု ပါဝင်ရွေးချယ်ခံခွင့်ရှိကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်အတွင်းမှ မသန်စွမ်းသူများအနေဖြင့် ချိုင်းထောက်နှင့် ဝှီးချဲများလိုအပ်လျှင်ဖြစ်စေ၊ အလုပ်အကိုင် ရရှိလိုလျှင်ဖြစ်စေ ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ၏ ဖုန်း ၀၉၄၄၃၃၆၅၀၇၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

---

# သက်မွေးဝမ်းကျောင်းပညာသင်တန်း တက်ရောက်လိုသည့် ကိုယ်အင်္ဂါမသန်စွမ်းသူများ စာရင်းပေးသွင်းနိုင်ပြီ

မြစ်ကြီးနား၊ အောက်တိုဘာ ၅

လူမှုဝန်ထမ်းဦးစီးဌာနနှင့် AAR Japan တို့ပူးပေါင်း၍ ကိုယ်အင်္ဂါမသန်စွမ်းများအတွက် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့် အဆင့်မြင့်ဂျပန်နည်းပညာ စက်ချုပ်၊ ဆံသ၊ အလှပြင်နှင့် ကွန်ပျူတာသင်တန်းများသို့ တက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

မသန်စွမ်းပြည်သူများ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုရရှိစေရန် ရည်ရွယ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရပြီး ပထမဆုံးအမှတ်စဉ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှစပြီး ဧပြီလ ၁၀ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကာ တစ်နှစ်လျှင် သုံးကြိမ် အခမဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်းရှိသည့် ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံ အားနည်းသူများ အားလုံးကို လက်ခံသင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အဆောင်တွင် နေထိုင်နိုင်သူ၊ သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ၊ ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

လျှောက်လွှာများကို အသက်မွေးပညာ သင်တန်းကျောင်းတွင် အခမဲ့ရယူနိုင်မည်ဖြစ်ပြီး လျှောက်လွှာများကို တစ်နှစ်ပတ်လုံး လက်ခံကာ အမှတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးသွားမည်ဖြစ်ကြောင်းနှင့် ပထမအမှတ်စဉ်တွင် တက်ရောက်လိုသည့် မသန်စွမ်းသင်တန်းသားများအနေဖြင့် အောက်တိုဘာလ ၃၁ ရက်အထိစာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

တက်ရောက်သင်ကြားလိုသည့် မသန်စွမ်းများအနေဖြင့် ဆက်သွယ်စုံစမ်းရန် လိပ်စာမှာ AAR Japan, မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပြီး ဖုန်းနံပါတ် ၀၉-၂၅၄၃၄၃၇၀၁၊ (ဆံသ) ၀၉-၂၅၀၆၃၈၄၅၇၊ (ကွန်ပျူတာ) ၀၉-၄၂၁၁၁၈၉၃၊ (စက်ချုပ်) ၀၉၄၂၁၁၁၈၉၄ တို့တွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။

ထို့အပြင် AAR Japan, Myanmar Office ဆိုသည့် Facebook Page တွင်လည်း ဆက်သွယ်အကြောင်းကြားကာ လျှောက်လွှာများနှင့် သင်တန်းအကြောင်း သိရှိလိုသည်များကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

---

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများကို အခမဲ့ကုသပေးနေ

မြစ်ကြီးနား၊ အောက်တိုဘာ ၅

ကချင်ပြည်နယ်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများကို မြစ်ကြီးနားမြို့ရှိမလိဇ္ဇပ်ဆေးရုံနှင့် Smile Train အဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ ခွဲစိတ်ကုသလိုသူများ စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အသက် ၆ လနှင့်အထက် ကလေးများကို ခွဲစိတ်ပေးနေခြင်းဖြစ်ကာ ကိုယ်အလေးချိန် ၁၀ ပေါင်နှင့် အထက်ရှိရန် လိုအပ်ကြောင်း၊ နှလုံးရောဂါနှင့် အဆုတ်ရောဂါ မရှိရန်လည်း လိုအပ်ကြောင်း မလိဇ္ဇပ်ဆေးရုံမှ သိရသည်။

"ကျန်းမာရေး ကောင်းမွန်ဖို့လိုတယ်။ ဘာလို့လဲဆိုရင် ကျန်းမာရေးမကောင်းရင် ခွဲစိတ်မှုကို မခံနိုင်ဘူး။ ခွဲစိတ်မှုကို နှစ်လတစ်ကြိမ်နှုန်းနဲ့ ကုသပေးသွားဖို့ လုပ်ထားပေမယ့် စာရင်းပေးတဲ့ လူနာရှိ-မရှိအပေါ်မူတည်ပြီး ဆရာဝန်တွေကို ခေါ်ပြီးတော့ ခွဲစိတ်ပေးပါတယ်"ဟု မလိဇ္ဇပ်ဆေးရုံမှ ဒေါက်တာဝေါ်မီသီက ပြောသည်။

အဆိုပါ ခွဲစိတ်ကုသမှုကို သွားဘက်ဆိုင်ရာ အထူးကုဆေးရုံမှ ခံတွင်းနှင့် မေးရိုးအထူးကု ဆရာဝန်များက တာဝန်ယူ ကုသပေးနေခြင်းဖြစ်ကာ လူနာတစ်ဦးလျှင် သုံးရက်ကြာခန့် ကုသရမည်ဖြစ်သဖြင့် လူနာများအနေဖြင့် မခွဲစိတ်မီ အာဟာရ ပြည့်ဝရန်လိုအပ်ကြောင်းနှင့် ကျန်းမာရေး ကောင်းမွန်နေရန် လိုအပ်သည်။

ခွဲစိတ်လိုသူ လူနာများအနေဖြင့် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်ရှိ မလိဇ္ဇပ်ဆေးရုံ ဖုန်းနံပါတ် ၀၉-၇၈၉၄၃၈၄၆၅၊ ၀၉-၄၂၄၈၄၄၄၀၄၊ ၀၉၄၅၆၃၉၁၁၆ သို့ ဆက်သွယ်ကာ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းသိရပြီး ခွဲစိတ်မည့်ရက်ကို စာရင်းပေးသွင်းသည့် လူနာအနည်းအများပေါ်မူတည်၍ တစ်ပတ်ကြိုတင်အကြောင်းကြား ပေးသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

ပထမအကြိမ် ခွဲစိတ်ကုသမှုကို ယခုနှစ် ဇူလိုင်လကုန်ပိုင်းခန့်က ယင်းဆေးရုံတွင် ပြုလုပ်ခဲ့ရာ လူနာ ၂၉ ဦးကို ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။


Smile Train အဖွဲ့သည် Smile Train Myanmar ဆိုသည့် Facebook Page ထောင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လူနာများကိုလက်ခံကုသပေးနေကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( အောက်တိုဘာ ၈ ၊ ၂၀၁၈ )

# ပြည်သူ့အစိုးရ၊ ၂၀၀၈ ဖွဲ့စည်းပုံနှင့်ပါတီစုံနိုင်ငံရေး

မြတ်သွေးထက် ရေးသားသည်




စင်စစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)ပါတီဆိုသည်မှာ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြု ဖွဲ့စည်းထားသော ပါတီမဟုတ်ပါ။ အာဏာရှင်စနစ်ကို ရွံမုန်းသော၊ ဗိုလ်ကျစိုးမိုးရေးကို လက်မခံသော နိုင်ငံသားပြည်သူတိုင်းကို ကိုယ်စားပြုဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်သာဖြစ်သည်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရခဲ့လျှင် နေ့ချင်းညချင်း တိုင်းပြည်တိုးတက်ဖို့ မျှော်လင့်ချက်ကြီးမားခဲ့ကြသော ပြည်သူများမှာ အုပ်ချုပ်မှုသက်တမ်း နှစ်နှစ်ကျော်သုံးနှစ်ထဲ ရောက်လာသည်အထိ ပြောင်းလဲမှုမရှိဟု ထင်မြင်လာကြသည်။ ထို့ကြောင့် ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံ၏ အာဏာခွဲဝေမှုကို တိတိပပ လေ့လာထားသင့်သည်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံတော်၏ လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာဌာနများကို အဓိကချုပ်ကိုင်ထားသော အထွေထွေအုပ်ချုပ်ရေးဌာန အပါအဝင် ပြည်သူလူထု၏ လူနေမှုဘဝကို ကာကွယ် စောင့်ရှောက်ရမည့် ရဲဌာန၊ မီးသတ်ဌာန၊ အကျဉ်းဦးစီးဌာနများကို တပ်မတော်လက်အောက်၌ ဆက်လက်ထားရှိခြင်းကြောင့် လက်ရှိအာဏာရအမျိုးသားဒီမိုကရေစီပါတီ အစိုးရအဖွဲ့က မစွမ်းဆောင်နိုင်ခြင်းပင် ဖြစ်သည်။ ထိုအထဲတွင် တရားရေးဌာနပင်လျှင် ပြည်ထဲရေးဌာန၏ အမိန့်အာဏာကို မလွန်ဆန်နိုင်သေးဟု ဆိုရပေလိမ့်မည်။

ထို့ကြောင့် တပ်မတော်၏ ထိုးစစ်ဆင်နေမှုကို ပြည်သူ့အစိုးရအနေနှင့် အမိန့်ပေးတားမြစ်နိုင်စွမ်းမရှိသကဲ့သို့ မူးယစ်ဆေးဝါးပြဿနာ အပါအဝင် ခိုးဆိုးလုနှိုက် ရာဇဝတ်မှုနှင့် တရုတ်နိုင်ငံဘက်မှ တံခါးမရှိဓားမရှိ ဝင်ထွက်နေမှုများကိုလည်း ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိပေ။ သို့သော်ပြည်သူလူထု၏ အခွန်ဘဏ္ဍာများ အဖိတ်အစင်မရှိဘဲ သုံးစွဲတည်ဆောက်ထားသော မြို့တွင်းမြို့ပြင်လမ်းများ၊ တံတားများ ကောင်းမွန်လာမှုကိုမူ အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အပြင် ပညာရေးတွင်လည်း ပြဋ္ဌာန်းဖတ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံ၊ ပေတံ အစရှိသည်များကို အနည်းငယ်ပေးဝေလာနိုင်သကဲ့သို့ ပြည်သူ့ဆေးရုံများတွင်လည်း တန်ဘိုးကြီးဆေးဝါးများမှအပ ဆေးနှင့် ဆေးပစ္စည်းများကို အခမဲ့သုံးစွဲခွင့်ရနေပြီဖြစ်ပြီး ဝေးလံခေါင်သီသော ဒေသမှလာ၍ ဆေးရုံတက်ရောက်လာသူများကို အစားအစာများဖြင့် ပြုစုစောင့်ရှောက်နေပြီ ဖြစ်သည်။ ထိုမျှသာမက ဖားကန့်ဒေသ၌ ဦးသိန်းစိန်အစိုးရလက်ထက်အထိ ကျောက်စိမ်းကုမ္ပဏီ လုပ်ကွက်ပေါင်း (၁၅၀၀) ကျော်ခန့်ရှိခဲ့ရာမှ ယနေ့အချိန်တွင် လုပ်ကွက် (၅၀၀)ခန့်သာ ကျန်ရှိနေပြီး ယင်းလုပ်ကွက်များကိုလည်း (၂၀၂၁)ခုနှစ်တွင် ပြည်သူ့အစိုးရက အပြီးရုတ်သိမ်းမှာ ဖြစ်သကဲ့သို့ သစ်တောနှင့်ရွှေကဲ့သို့သော သယံဇာတများခိုးထုတ်ခြင်းကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ ယင်းကြောင့် ပြည်သူလူထုများ၏ လက်ရှိစီးပွားရေး ကျပ်တည်းသွားနိုင်သော်လည်း အကျိုးကိုလိုလားလျှင် တညီတညွတ်တည်း တောင့်ခံထားနိုင်ရန် လိုအပ်ပေသည်။

သို့သော် ယင်းအခြေအနေများကို ပြည်သူ့အစိုးရလက်ထက်၌ အပြောင်းလဲကြီး ပြောင်းလဲခဲ့သော ပြောင်းလဲမှုများအဖြစ် မဆိုလိုပါ။ ယခင်က မရရှိခဲ့ဖူးသော လွတ်လပ်စွာရေးသားပြောဆိုခွင့်နှင့် အတူ အထိုက်အလျောက် တွေ့မြင်လာရသည့် အပြောင်းအလဲလေးတချို့ဟုသာ ပြောချင်ပါသည်။ စင်စစ် ပြည်သူ့ပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီပါတီကို ပြည်သူလူထုအားလုံး ဆက်လက်ဝန်းရံကြရပေလိမ့်ဦးမည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်ကာလ၏ နိုင်ငံရေးအခင်းအကျင်းသည် တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီစနစ်မဖြစ်သေးသောကြောင့် ဖြစ်သည်။ ဖက်ဒရယ်ဥပဒေတစ်ရပ် ပေါ်ပေါက်သည်အထိ ဆက်လက်ကျိုးစား အားထုတ်ကြရန် လိုအပ်ပေသည်။ ဖက်ဒရယ်ဥပဒေ မချမှတ်နိုင်သေးသမျှကာလပတ်လုံး မူဝါဒမရှိသည့် တိုင်းပြည်ကဲ့သို့ ဖြစ်နေသေးသည်။ တိုင်းပြည် တစ်ပြည်တွင် ခိုင်မာသည့် မူဝါဒမရှိလျှင် ကမ္ဘာ့အရပ်ရပ်ရှိ မည်သည့်ကုမ္ပဏီမှလာရောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည် မဟုတ်သကဲ့သို့ တိုင်းပြည်သည်လည်း တိုးတက်သင့်သလောက် တိုးတက်လိမ့်မည်မဟုတ်ပေ။ စင်စစ် ရေမြေတောတောင်သဘာဝများနှင့် သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံသည် ခိုင်မာသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသာရှိခဲ့ပါမူ ပြည်သူများ မျှော်လင့်ထားသကဲ့သို့ နေ့ချင်းညချင်း တိုးတက်ပြောင်းလဲရန် ဖြစ်နိုင်စရာအကြောင်း များစွာရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့သော် ဦးသိန်းစိန်လက်ထက် နိုင်ငံတကာနှင့် သဘောတူရေးဆွဲထားသော လမ်းပြမြေပုံ(ROPE MAP)၌ တိုင်းရင်းသားလက်နက်ကိုင်အားလုံးအပစ်ရပ် (NCA)လက်မှတ်ရေးထိုးပြီးမှသာ (TOP DOWN)ပုံစံဖြင့် လွှတ်တော်တွင်းရှိ တပ်မတော်သား ၂၅ ရာခိုင်နှုန်းကို ငါးနှစ်တစ်ကြိမ် ငါးရာခိုင်နှုန်း နှုတ်ထွက်ပေးမည်ဖြစ်ပြီး အနိုင်ရပါတီက အစားထိုးဝင်ရောက် နေရာယူနိုင်မည့်သဘော ပါရှိပါသည်။ ယင်းမှာ တောင်တန်းသားလက်နက်ကိုင်အားလုံး အပစ်ရပ်လက်မှတ် မရေးထိုးနိုင်သေးသမျှ ကာလပတ်လုံး လက်ရှိ ပြည်သူ့အစိုးရက ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲပြီးဖက်ဒရယ်ဥပဒေမပြဋ္ဌာန်းနိုင်အောင် ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ထိုမျှသာမက လွှတ်တော်အတွင်း၌ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားခြင်းမဟုတ်သည့် တပ်မတော်သား ၂၅ ရာခိုင်နှုန်းက ဝင်ရောက်နေရာယူထားသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရန်ပြည်ထောင်စုကိုယ်စားလှယ်အားလုံး၏ ထောက်ခံမဲ ၇၅ ရာခိုင်နှုန်းကျော်ရန်မည်သို့မျှဖြစ်နိုင်စရာ အကြောင်းမရှိတော့ပေ။

ထို့အပြင် လွှတ်တော်တွင်းမှ အခန့်သားထိုင်စောင့်နေကြသော တပ်မတော်သား ၂၅ ရာခိုင်နှုန်းသည် ၎င်းတို့ အားကိုးအားထားပြုနေသည့် ကြံ့ခိုင်ရေးပါတီက ရွေးကောက်ပွဲတွင် ၂၅ ရာခိုင်နှုန်းလောက် အနိုင်ရလျှင်ပင် အချင်းချင်းပေါင်းစည်းပြီး ၅၀ ရာခိုင်နှုန်းဖြင့် အခြားပါတီများအစိုးရမဖွဲ့နိုင်အောင် ရည်ရွယ်ထားပုံရသည်။ ယင်း အခြေအနေတွင် ပါတီငယ်များ အမျိုးမျိုးပေါ်ပေါက်လာကာ ပြည်သူလူထုက ဝိဝါဒမကွဲပဲ မဲပြားသွားပြီး ဦးဆောင်ဦးရွက် ပြုနိုင်သည့် ပြည်သူ့ကိုယ်စားပြုပါတီက အစိုးရမဖွဲ့စည်းနိုင်တော့လျှင် လက်ရှိရရှိနေသော အခွင့်အရေးများပင် ဆုံးရှုံးသွားနိုင်စရာ အကြောင်းရှိသည်ဟု ဆိုရမည် ဖြစ်သည်။ ၂၀၁၀ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ အမတ်နေရာ ၄၃ နေရာဖြင့် လွှတ်တော်ထဲသို့ စတင်ဝင်ရောက်ခဲ့သော ကော့မှူးမြို့နယ်လွှတ်တော်အမတ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် (NLD)အမတ်များ၏ ဆွေးနွေးတင်ပြချက်မှန်သမျှ ဝိုင်းဝန်းကန့်ကွက်ခံခဲ့ရသော အတွေ့အကြုံများကို သတိပြုသင့်ပေသည်။

ယနေ့ကာလတွင် တစ်သီးပုဂ္ဂလကစ၍ လူမျိုးစုအသီးသီးမှ ပါတီအသီးသီး အပြိုင်အဆိုင် ဖွဲ့စည်းလာနေကြသည်။ ခိုင်မာသည့်ဖွဲ့စည်းပုံနှင့် ကျန်သည့်ဖက်ဒရယ်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့် တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်နေပါမူ ဤကဲ့သို့ ဖွဲ့စည်းလာနိုင်ခြင်းကို ဝမ်းမြောက်စွာကြိုဆိုရမည်ဖြစ်သည်။ သို့သော် လက်ရှိအခြေအနေတွင် အစစအရာရာ ချုပ်ကိုင်ထားသော ၂၀၈ ဖွဲ့စည်းပုံရှိနေသဖြင့် ၂၀၂၀ခုနှစ် ရွေးကောက်ပွဲကြီးအတွက် ပြည်သူလူထု၏ မဲပြားသွားပြီးပြည်သူ့ကိုယ်စားပြုပါတီက အစိုးရမဖွဲ့စည်းနိုင်ခဲ့လျှင်ဟူသည့် အနေအထားကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားသင့်သည် ထင်ပါသည်။ ၎င်းတို့ ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဥပဒေတစ်ပိုဒ်တလေကို ပြုပြင်ရန် လွှတ်တော်တွင်းအဆိုပြု တင်သွင်းမဲခွဲဆုံးဖြတ်လျှင်ပင် ပြည်သူ့ရွေးချယ် တင်မြှောက်ထားသော လွှတ်တော်အမတ်များဘက်သို့ တပ်မတော်သား တစ်ယောက်ယောက် ပူးပေါင်းပါဝင်လာခြင်းမရှိပါက ထောက်ခံမဲ ၇၅ ရာခိုင်နှုန်းကျော်ရန် မည်သို့မျှမဖြစ်နိုင်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းသို့ ၇၅ ရာခိုင်နှုန်းကျော်ရန် ခက်ခဲရသည့်အထဲတွင်ပြည်သူ့ကိုယ်စားပြု (NLD)ပါတီနှင့် အခြားတိုင်းရင်းသား ပါတီငယ်လေးများ ညီညွတ်မှုရယူပြီး ထောက်ခံမဲ ၇၅ ရာခိုင်နှုန်း အပြည့်အဝရရှိရန်ပင် များစွာကျိုးစားကြရပေလိမ့်မည်။ ထို့ကြောင့်တိုင်းရင်းသားလူမျိုးစု ပါတီငယ်လေးများ များပြားလာခြင်းကို တပ်မတော်က နှစ်ထောင်းအားရကြိုဆိုနေမည်မှာ ဧကန်မလွဲ ဖြစ်ပေသည်။

သို့ဆိုလျှင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို မည်ကဲ့သို့ ပြုပြင်ကြမည်နည်း။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ် ပုံကို မပြင်နိုင်လျှင် ခိုင်မာသည့် ဖက်ဒရယ်ဥပဒေကို မည်သို့ပြဋ္ဌာန်းကြမည်နည်း။ တောင်တန်းသား လက်နက်ကိုင် အားလုံး အပစ်ရပ်(NCA)လမ်းကြောင်းကို ရွေးချယ်ကြမည်လော။ လိုလျှင်ကြံဆနည်းလမ်းရှိရမည်။ ယင်း အခြေအနေ မတိုင်မီ ပြည်သူလူထုအားလုံး ညီညီညွတ်ညွတ် လက်တွဲထားပြီး မဲမပြားရန် ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မြတ်သွေးထက်

# အစိုးရအနေနဲ့ တရုတ်ကုမ္ပဏီတွေ ကြီးပွားချမ်းသာတာ မြင်ချင်လား၊ မြစ်ရိုးတစ်လျှောက် အလောင်းပုံတွေကို မြင်ချင်လား၊ ဆုံးဖြတ်ဖို့အချိန်တန်ပြီ

အောက်တိုဘာ ၂

ယာယီဆိုင်းငံ့ထားသည့် မြစ်ဆုံဆည်စီမံကိန်းကို အပြီးဖျက်သိမ်းပေးရန် မြစ်ကြီးနားမြို့နယ်၊ မြစ်ဆုံတန်ဖရဲကျေးရွာတွင် ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ အောက်တိုဘာလ ၁ ရက်နေ့က တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားတွင် ဒေသခံများအပြင် ကချင်ဘာသာရေးခေါင်းဆောင်များ၊ ကချင်ပါတီနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူများအဖွဲ့မှ ဒေါ်ဒေဝီသန့်ဇင်၊ ဒေါက်တာခင်မောင်ညို၊ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ဦးမြအေးတို့ တက်ရောက်ခဲ့ကြပါသည်။

မြစ်ဆုံစီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်က ယာယီရပ်ဆိုင်းခဲ့ရာမှ ထာဝရ ရပ်ဆိုင်းဖို့လိုကြောင်း ကချင်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးကွမ်ဂေါင်အောင်ခမ်းက ယင်းအခမ်းအနားတွင်ပြောသည်။

"အခုက ရပ်တန့်တဲ့အခြေအနေမျိုးမရှိသေးပါဘူး၊ အခုလက်ရှိ NLD အစိုးရ ဒါကို ဆက်လက်ပြီးမှ တရားဝင်ရပ်တန့်ဖို့ တာဝန်ရှိပါတယ်။ လူထုကတင်မြှောက်ထားတဲ့ အစိုးရဖြစ်တဲ့အတွက် လက်ရှိအစိုးရမှာတာဝန်ရှိကြောင်းဦးအောင်ခမ်းက ပြောသည်။

မြစ်ဆုံရေကာတာကို ဆက်လက်တည်ဆောက်မည်ဆိုပါက ပထဝီနိုင်ငံရေးကို ထိခိုက်လာနိုင်ပြီး နိုင်ငံလုံခြုံရေးကို အကြောင်းပြကာ တရုတ်စစ်တပ်များလည်း ဝင်ရောက်လာနိုင်ကြောင်း၊ ရေကာတာပြိုကျပျက်စီးပါက ကချင်ပြည်နယ်အပြင် တစ်နိုင်ငံလုံးပျက်စီးနိုင်ကြောင်း ဦးအောင်ခမ်းက ဆက်ပြောသည်။

ထိုအခမ်းအနားတွင် "ဧရာဝတီမြစ်ကျန်းမာပါစေ"၊ "ဧရာဝတီမြစ်ကိုဖျက်စီးသူ . . ဒို့ရန်သူ"၊ "ဧရာဝတီမြစ် အတားအဆီးမရှိ စီးဆင်းပါစေ"၊ "မြစ်ဆုံရေကာတာ. . . အလိုမရှိ"ဟု အစီအစဉ်တွင် တက်ရောက်သူများက ကြွေးကြော်ခဲ့ကြသည်။

မြစ်ဆုံရေကာတာနှင့်ပတ်သက်ပြီး မိမိတို့ခေတ်တွင် မရပ်ဆိုင်းသေးလျှင် နောင်လာနောက်သားများ လက်ထက်တွင် ရပ်ဆိုင်းအောင်လက်ဆင့်ကမ်းဆောင်ရွက်သွားမည်ဟု ယင်းအစီအစဉ်တွင် ပါဝင်သူ ဒေသခံ ဦးရှီးအောင်လတ်က ပါဝင်ပြောကြားခဲ့ပါသည်။

"နိုင်ငံတော်အစိုးရအနေနဲ့ တရုတ်တွေရဲ့ စကားကို နားထောင်မလား၊ ပြည်သူတွေရဲ့ စကားကို နားထောင်မလား။ တရုတ်ကုမ္ပဏီတွေ ကြီးပွားချမ်းသာတာမြင်ချင်လား၊ မြစ်ရိုးတစ်လျှောက် အလောင်းပုံတွေကိုမြင်ချင်လား။ဆုံးဖြတ်ဖို့အချိန်တန်ပြီ။ တရုတ်တွေ မျှော်လင့်ချက်ကြီးစွာ ဘယ်လောက် လုပ်နေလုပ်နေ ကျွန်တော်တို့က ကန့်ကွက်နေမှာပဲ၊ ကျွန်တော်တို့ခေတ်မှာ မရရင် သား၊ မြေး၊ မြစ်တွေ အဆက်ဆက် ကန့်ကွက်သွားမှာပဲ။ နောက်ပြီး ဒေသခံတွေအနေနဲ့ ဒီဆည်ဆောက်ခွင့်ပေးပြီး မိမိအသေခံမလား၊ ဒီ ဆည်မဆောက်အောင် အသက်နဲ့အမျှ ကာကွယ်မလားဆိုတာ ဆုံးဖြတ်ဖို့ အချိန်တန်ပြီ"ဟု ဦးရှီးအောင်လတ်က ပါဝင်ဆွေးနွေးခဲ့သည်။

ယင်းမြစ်ဆုံ ရပ်ဆိုင်းရေးအစီအစဉ်ကို ၂၀၁၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင်၇နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်းတရုတ်ကုမ္ပဏီက နောက်ဆုတ်မည့်ဟန် မပြသေးပေ။

Ah Je




*မြစ်ဆုံဆည်စီမံကိန်း အပြီးဖျက်သိမ်းပေးရန် ဒေသခံများ တောင်းဆို*

*ဓာတ်ပုံ - ဆလိုင်း*

---

# နားခါ အလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးသက်မှတ်ပေးရန် ကချင်ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း

မြစ်ကြီးနား၊ အောက်တိုဘာ ၄

မိုးညှင်းမြို့နယ်၊ နားခါ အခြေခံပညာ အလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် ကချင်ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းလိုက်သည်။

အောက်တိုဘာ ၄ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် မိုးညှင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးတင်အေးက မေးမြန်းခဲ့ခြင်းဖြစ်သည်။

ထို နားခါအခြေခံပညာအလယ်တန်းကျောင်းတွင် ယခုပညာသင်နှစ်တွင် ကျောင်းသူကျောင်းသား စုစုပေါင်း ၆၅၅ ဦးရှိပြီး ကျောင်းအဆင့်တိုးသတ်မှတ်ချက်မှုနှင့်လည်း ကိုက်ညီနေသည့်အတွက် အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ကို မေးမြန်းရခြင်းဖြစ်သည်ဟု ဦးတင်အေးက ပြောသည်။

''သတ်မှတ်ထားတဲ့ ကျောင်းသူကျောင်းသား စာရင်းထက် များပြားစွာတက်ရောက်လာတာကိုလည်း တွေ့မြင်လာရပါတယ်။ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်ရန် လိုအပ်နေတာလည်း တွေ့ရှိရပါတယ်။ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်လည်း အစီအမံတွေချပြီးမကြာခင် လိုအပ်တဲ့ ကျောင်းဆောင်သစ်လည်းရရှိတော့မှာ ဖြစ်ပါတယ်"ဟုဦးတင်အေးက ပြောသည်။

လက်ရှိ ပညာသင်နှစ်တွင် နားခါအခြေခံပညာ အလယ်တန်းကျောင်းတွင် အလယ်တန်းကျောင်းသူ ကျောင်းသားပေါင်း ၂၀၆ ဦး ပညာသင်ကြားနေကြောင်းလည်း ဦးတင်အေးက ပြောသည်။

အခြေခံပညာကျောင်းများကိုကျောင်းအဆင့်တိုးမြှင့်ရန် သက်ဆိုင်ရာဦးစီးဌာနမှ ခေါ်ယူချိန်တွင် ကျောင်းနှင့်ပတ်သက်သည့်ကျောင်းအချက်အလက်များကို မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြတောင်းခံသွားရမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြန်လည်ဖြေကြားခဲ့သည်။

"ကျောင်းအဆင့်တိုးခေါ်ယူချိန်မှာ တင်ပြလာနိုင်မယ်ဆိုရင်အခုလာမယ့်၂၀၁၉-၂၀ ပညာသင်နှစ် ကျောင်းအဆင့်တိုးခြင်းမှာ ပါဝင်နိုင်ဖို့ပညာရေးဝန်ကြီးဌာန နေပြည်တော်ကို ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်"ဟုဒေါက်တာသင်းလွင်က ပြောသည်။

ယခု ၂၀၁၈ -၁၉ ပညာသင်နှစ်တွင် အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းခွဲအဖြစ် ၁၃ ကျောင်း၊ အထက်တန်းကျောင်းအဖြစ် ၁၂ ကျောင်းစုစုပေါင်းအခြေခံပညာကျောင်း ၂၅ ကျောင်းကို ကျောင်းအဆင့်များတိုးမြှင့်ပေးခဲ့ကြောင်းကချင်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

ဆိုင်း(ကချင်မြေ)

မြစ်ကြီးနားသတင်းဂျာနယ်
( အောက်တိုဘာ ၈ ၊ ၂၀၁၈ )

# နိုင်ငံများ တည်ထောင်ဖွဲ့စည်းပုံနှင့် သုံးသပ်ချက်များ

M Kawn La ရေးသားသည်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ဟာ မိမိတို့နိုင်ငံများကို ပြည်သူ့လိုအပ်ချက်အရ ဖွဲ့စည်းထူထောင်ရာမှာ -

**၁။ တစ်ပြည်ထောင်နိုင်ငံ(သို့) အမျိုးသားနိုင်ငံ Unitary State**

**၂။ ပြည်ထောင်စုနိုင်ငံ Federal State**

**၃။ ကွန်ဖက်ဒရေးရှင်းနိုင်ငံ Confederation Stare ဟူ၍ ၃ မျိုး တွေ့နိုင်တယ်။**

အဲဒီ ၃ မျိုးမှာ မြန်မာနိုင်ငံဟာ ဘာကို ကျင့်သုံးသလဲ။ ကချင်ပြည်နယ်ကရော ဘာပုံစံကို လိုချင်ပါသလဲ။

ပြည်တွင်းစစ်နဲ့ ပဋိပက္ခ ဘာလို့ ရှည်ကြာစွာ ဖြစ်သလဲ။ အဖြေက မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေနဲ့ပြည်မ ဘယ်လို ဖွဲ့စည်းတည်ဆောက်ထားသလဲဆိုတဲ့စနစ်ဟာ အရေးပါလာပါတယ်။ ကမ္ဘာမှာ ကျင့်သုံးနေတဲ့ စနစ်အားလုံးကိုလည်း သိထားဖို့လိုပါမယ်။ ကချင်တွေနဲ့ နိုင်ငံသားအားလုံး ရှင်းလင်းစွာသိဖို့ လိုအပ်လာတယ်။

ဒီဆောင်းပါးဟာ အချက်အချို့ကို ဖော်ပြနိုင်ခြင်းဖြင့် အကျိုးတစ်စုံတစ်ရာရမယ်လို့ ယူဆပါတယ်။

**၁။ တစ်ပြည်ထောင် (သို့) အမျိုးသားနိုင်ငံ (Unitary State)**

အရှင်းဆုံးပြောရရင် လူမျိုးတစ်မျိုးတည်း၊ ကိုးကွယ်ရာဘာသာ တစ်မျိုးတည်း၊ ယဉ်ကျေးမှု တစ်မျိုးတည်း ၉၀ ရာခိုင်နှုန်း လွှမ်းမိုးရာနိုင်ငံကို ခေါ်ပါတယ်။ ဒါကြောင့် အမျိုးသားနိုင်ငံလို့လည်း ခေါ်တာဖြစ်တယ်။ အချုပ်အခြာအာဏာ Sovereignty ဟာ ဗဟိုသို့မဟုတ် အမျိုးသားအစိုးရလက်ထဲပဲ ရှိတယ်။ တိုင်းပြည်ရဲ့ အခြားယူနစ်တွေကို ပြည်နယ်တွေအဖြစ် ခွဲခြားထားသော်လည်း လုပ်ပိုင်ခွင့်ဟာ ဗဟိုကပဲ ညွှန်ကြားတယ်။ သီးခြားလွတ်လပ်တဲ့ လုပ်ပိုင်ခွင့်မထားပါ။

ထူးခြားချက်က ပြည်နယ်တွေလုပ်ပိုင်ခွင့်ကို အခြေခံဥပဒေအရ ပေးထားခြင်းမဟုတ်ဘဲ သာမန်ဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့ပဲ ပေးထားတာဖြစ်တယ်။ ဒါကြောင့် အရေးကြုံလာချိန်မှာ ဗဟိုက အချိန်မရွေး အာဏာကို ပြန်လည် ရုပ်သိမ်းနိုင်နေတယ်။ တစ်ပြည်ထောင်တွေမှာ တစ်နိုင်ငံလုံးရဲ့ ဗဟိုလွှတ်တော်ကသာ အာဏာပိုင်ဥပဒေပြုအဖွဲ့အစည်းဖြစ်ပြီး ဗဟိုလွှတ်တော်က အခြားလွှတ်တော်တွေကို လုပ်ခွင့်အချို့ ပေးထားပေမယ့်လည်း လက်အောက်ခံသာ ဖြစ်ပြီး ဗဟိုလွှတ်တော်က ကျော်လွှားပယ်ချနိုင်ခွင့် ရှိနေတယ်။

တစ်ပြည်ထောင်နိုင်ငံတွေရဲ့ အသွင်လက္ခဏာတွေကို အောက်ပါအတိုင်း တွေ့နိုင်တယ်။

(က) တရားဝင်အာဏာနဲ့ အမိန့်အာဏာဟာ ဗဟိုမှာသာ ရှိတယ်။ လက်အောက်ခံတွေနဲ့ အခြားသောယူနစ်တွေဟာ ဗဟိုအာဏာပိုင်က လွတ်လပ်ပြီး ဘယ်လိုအာဏာမှ ကျင့်သုံးခွင့် မရှိပါ။


(ခ) ပြည်နယ်တွေဟာ ဗဟိုမှ လွှဲအပ်တဲ့အာဏာတွေ ကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ ဗဟိုကလည်း ပြန်လည်ရုပ်သိမ်းနိုင်တယ်။

(ဂ)ဗဟိုအစိုးရဟာ ဒေသဆိုင်ရာ ယူနစ်များရဲ့ နယ်နမိတ်တွေကို ပြန်လည်ရေးဆွဲနိုင်တယ် ဖျက်သိမ်းနိုင်တယ်။

(ဃ)ဗဟိုအစိုးရရဲ့ လုပ်ဆောင်ချက်နဲ့ မူဝါဒတွေဟာ လက်အောက်ခံဒေသ အစိုးရနဲ့ မူဝါဒများကို ပယ်ဖျက်နိုင်တယ်။ တစ်ပြည်ထောင်စနစ်ရဲ့ အထူးခြားဆုံးအချက်ဟာ အမိန့်အာဏာရဲ့ အရင်းအမြစ်ဟာ တစ်ခုတည်းသာရှိပြီး ဒေသခံအစိုးရတွေဟာ ကိုယ်စားလှယ်အဆင့်သာ ဖြစ်တယ်။

ဗဟိုအစိုးရရဲ့ ချုပ်ကိုင်ပုံအချို့ကို ဗြိတိန်၊ ပြင်သစ်နိုင်ငံတွေနဲ့ ဥပမာ ပေးချင်တယ်။ ဗြိတိန်မှာ လူမျိုးကွဲတွေရှိလို့ ဒေသခံနယ်တွေကို အတန်အသင့်လုပ်ပိုင်ခွင့် ပေးထားပေမယ့် အကန့်အသတ်နဲ့ ဗဟိုက ချုပ်ကိုင်ထားတယ်။ ပြင်သစ်ကတော့ အဲလို မဟုတ်ဘူး။ ဒေသန္တရ အစိုးရတွေကို ဗဟိုကပဲ ခန့်တယ်။ မကြိုက်ရင် ပြန်ဖြုတ်ပါတယ်။ ဒါကြောင့် တစ်ပြည်ထောင်နိုင်ငံတွေမှာ ဒေသန္တရအစိုးရတွေဟာ အစွန်းနှစ်ဘက်ကြားမှာ ရှိနေတာ တွေ့နိုင်တယ်။ တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေဟာ အများဆုံးဖြစ်ပြီး စုစုပေါင်း ၉၀ ရာခိုင်နှုန်းလောက်အထိ များပြားတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားကို ပြောချင်တယ်။ ၂၀၀၈ အခြေခံဥပဒေအရ ဒီမိုကရေစီ အစိုးရဆိုပြီး ၂၀၁၀ USDP အစိုးရနဲ့ ၂၀၁၅ NLD အစိုးရဆိုပြီး နှစ်ဆက်တက်လာတယ်။ ပြည်ထောင်စုလို့ အမည်ခံပြီး နိုင်ငံတော်ကိုဖွဲ့စည်းထားတယ်။ ပြည်နယ် တိုင်းဒေသကြီး အစိုးရတွေ ဖွဲ့ထားပေမယ့် ဗဟိုကပဲ ခန့်တယ်။ ဖြုတ်တယ်။ လွှတ်တော်ဥက္ကဋ္ဌတွေကိုလည်း ဗဟိုကပဲ ခန့်တယ်ဖြုတ်တယ်။



*ကမ္ဘာ့မြေပုံပေါ်တွင် ဖယ်ဒရယ်စနစ် ကျင့်သုံးသည့်နိုင်ငံကို အစိမ်းရောင်ဖြင့်ပြသထားပြီး တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့်နိုင်ငံ ကို အပြာရောင်ဖြင့်ပြသထား*

တရားရေးမှာလည်း ဒီအတိုင်းပဲ။ ပြည်ထောင်စုလွှတ်တော်ကပဲ ဥပဒေ အများစုကို ပြဋ္ဌာန်းပြီး ပြည်နယ်လွှတ်တော်တွေဟာ ပြည်ထောင်စုလွှတ်တော်နဲ့ မဆန့်ကျင်ဘဲ အနည်းငယ်သာဖြစ်တဲ့ ဥပဒေတွေသာ ပြဋ္ဌာန်းခွင့်ရှိတယ်။ ဒီတော့ အာဏာ ၃ ရပ်စလုံးဟာ ဗဟိုကပဲ ထိန်းချုပ်ထားတာ အရှင်းကြီးဖြစ်တယ်။ အမည်ကသာ ပြည်ထောင်စုဖြစ်ပြီး လက်တွေ့ကျင့်သုံးတာ။ တစ်ပြည်ထောင်မူစစ်စစ် ဖြစ်တယ်။ ကချင်နဲ့ တိုင်းရင်းသားတွေ လိုလားတာနဲ့ အများကြီး ခြားနားနေသေးတယ်။

တစ်ပြည်ထောင်စနစ်ရဲ့ကောင်းကျိုး၊ ဆိုးကျိုး

ယဉ်ကျေးမှုအရ တစ်သားတည်းဖြစ်တဲ့ နိုင်ငံတွေအတွက် အသင့်တော်ဆုံး ဖြစ်တယ်။

အကောင်းဆုံးအချက်က ဗဟိုက ဒေသဆိုင်ရာတွေအထိ ဥပဒေကို တစ်ပြေးညီ ဆောင်ရွက်နိုင်တယ်။ အာဏာကျင့်သုံးမှု ပဋိပက္ခမရှိပါ။

အုပ်ချုပ်ရေး လွယ်ကူမြန်ဆန်တယ်။ ဗဟိုချုပ်ကိုင်မှု အသားပေးတဲ့အတွက် မူဝါဒရေးရာတွေ ချမှတ်ရာမှာ မရှုပ်ထွေးဘဲ လွယ်ကူမြန်ဆန်တယ်။

ဆိုးကျိုးတွေကတော့ ဗဟိုချုပ်ကိုင်မှု များတဲ့အတွက် ဗျူရိုကရေစီယန္တရား ပေါ်ပေါက်လာတယ်။ ဒေသခံ အာဏာပိုင်တွေဟာ ကိုယ်ပိုင်အစွမ်းအစ အားနည်းလာလေ့ ရှိတယ်။ ဗဟိုက ဒေသအစိုးရတွေနဲ့ ခံစားချက်မတူ ဖြစ်လာပြီး ဒီမိုကရေစီ ကျင့်သုံးပေမယ့် အာဏာရှင် ဒီမိုကရေစီစနစ်ကို ကူးပြောင်းလာတယ်။ ကြီးမားကျယ်ပြန့်တဲ့ တိုင်းပြည်တွေမှာ ဆိုးကျိုးပိုတယ်။ ဗဟိုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတွေဟာ ဒေသတွေကို ခြုံငုံနိုင်ဖို့ ခက်ခဲတယ်။ ဒါတွေဟာ ယဉ်ကျေးမှုတူတဲ့ လူမျိုးတစ်မျိုးထဲမှာတောင် ခက်ခဲတာ၊ လူမျိုး၊ ယဉ်ကျေးမှုမတူတဲ့ လူမျိုးတွေ များတဲ့နိုင်ငံဟာ အဓိပ္ပါယ်ရှိမရှိ အလွယ်တကူသိမြင်နိုင်တယ်။

ဒါကြောင့် ဗမာ့သမိုင်းမှာ ဗမာလူမျိုးတစ်စုတည်း ဗုဒ္ဓဘာသာ တစ်ခုတည်း ညီညွတ်တုန်းက အနော်ရထာ၊ ဘုရင့်နောင်နဲ့ အလောင်းဘုရားတို့ လက်ထက်မှာ ဗမာနိုင်ငံတော်ကြီး အောင်မြင်ကျယ်ပြန့်စွာ ထူထောင်နိုင်ခဲ့တယ်။ ဘာလို့ အောင်မြင်သလဲ။ အဲဒါက တစ်ပြည်ထောင်စနစ်နဲ့ ကိုက်ညီလို့ ဖြစ်တယ်။

၁၉၄၈ နောက်ပိုင်း မြန်မာနိုင်ငံထူထောင်တော့ လူမျိုးစုကြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုပြီး ၈ စုနဲ့ ပြည်ထောင်စု အမည်ခံ ထူထောင်တယ်။ အနှစ်သာရအရ တစ်ပြည်ထောင် ဗမာအမျိုးသားနိုင်ငံကိုပဲ လုပ်ဆောင်တယ်။ တိုင်းပြည်ဟာ မအောင်မြင်ဘူး။ ဘာလို့လဲ . . . ။ ယဉ်ကျေးမှုမတူ၊ ကိုးကွယ်ရာမတူ ပြန့်ကျဲဝင်ရောက်လာတဲ့ လူမျိုးစုတွေအတွက် သင့်တော်တဲ့ နိုင်ငံရေးစနစ်အရ ဖွဲ့စည်းတဲ့ပြည်ထောင်စု မဖွဲ့လို့ပဲ ဖြစ်တယ်။ ကချင်ဟာ တရုတ်နဲ့ အိန္ဒိယထဲမှာအထိ ရှိတယ်။ ရှမ်းဟာလည်း ယိုးဒယား (Thai)နဲ့ ဆက်စပ်နေတယ်။ မွန်ဟာ ကမ္ဘောဒီးယား၊ လာအို၊ မွန်ခမာ တို့နဲ့ ဆက်စပ်နေတယ်။ ကရင်ကလည်း ယိုးဒယားနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် အဲဒီလူမျိုးစုတွေနဲ့ စုဖွဲ့တဲ့နိုင်ငံဟာ လူမျိုးတစ်မျိုးတည်းမှုနဲ့ နိုင်ငံရေးအရ ဇွတ်တည်ဆောက်မှုဟာ မှားယွင်းနေတယ်။

ယခင်က လူမျိုးတစ်မျိုးအရ ယဉ်ကျေးမှုတူရာအရ စုဖွဲ့ခဲ့တဲ့ ကချင်ပြည်၊ ကရင်နီပြည်၊ ရခိုင်ပြည်၊ ရှမ်းပြည်၊ ဗမာပြည်၊ ချင်းပြည်တို့ ဘာလို့ တိုးတက်အောင်မြင် တည်ငြိမ်သလဲ။ သီးခြား အမျိုးသားပြည်တွေ တည်ထောင်လို့ ဖြစ်တယ်။ အဲဒီ အမျိုးသားပြည်တွေကို စုပေါင်းပြီး ပြည်ထောင်စုအစစ်သာ တည်ထောင်ရမယ့်အစား။ နောက်ထပ် အမျိုးသားပြည်ကြီးတစ်ခုကို နိုင်ငံရေးစနစ်အရ မှားယွင်းစွာလုပ်ဆောင်တဲ့အတွက် ဒီနေ့ထိ မငြိမ်းချမ်းရခြင်း ဖြစ်နေတယ်။ သတိကြီးကြီးထား ပြောင်းလဲရမယ်။ အမှန်ကိုသာ ဆောင်ရွက်ရဲရမှာ ဖြစ်တယ်။

**၂။ပြည်ထောင်စုနိုင်ငံ (Federal State)**

ဖက်ဒရယ်ဆိုတာ ရည်ရွယ်ချက်ခြင်းတူသော နိုင်ငံအဖွဲ့အစည်း (league) ဖြစ်တယ်။ ပြည်ထောင်စု နိုင်ငံတွေမှာတော့ အစိုးရနှစ်မျိုး ရှိပါတယ်။ Division of Power ကို သေချာကျင့်သုံးတာ တွေ့ရတယ်။ ဗဟိုအစိုးရနဲ့ ဒေသအစိုးရကို တိတိကျကျ အခြေခံဥပဒေနဲ့ အာဏာကို ခွဲခြားသတ်မှတ်ပေးထားတယ်။ ဒါဟာ တစ်ပြည်ထောင်အစိုးရနဲ့ ကြီးမားတဲ့ ကွာဟချက်ဖြစ်တယ်။ ဘာသာ ယဉ်ကျေးမှုမတူတဲ့ ရောထွေးလူ့အဖွဲ့အစည်း သို့မဟုတ် အယူအဆကွဲပြားတဲ့ လူမျိုးစုတွေ ရောပြွမ်းတဲ့ တိုင်းနိုင်ငံတွေမှာ ပြည်ထောင်စုနိုင်ငံ Federal State ဟာ အသင့်တော်ဆုံး ဆိုတာ တွေ့ရတယ်။

ကမ္ဘာမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ် ကျင့်သုံးတဲ့နိုင်ငံ သိပ်မရှိပါဘူး။ စုစုပေါင်း ၂၅ နိုင်ငံရှိနေပြီး ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းဟာ ပါဝင်ပတ်သက်နေပါတယ်။ အရှေ့တောင် အာရှမှာ ဆိုရင် မလေးရှားနဲ့ အာရှမှာ အိန္ဒိယ၊ ပါကစ္စတန်နဲ့ UAE တို့ဟာ ဖက်ဒရယ်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများဖြစ်ပြီး ထူးခြားတာက proposed federalism လုပ်ထားတာကတော့ မြန်မာနဲ့တရုတ် ဆိုပြီး တရုတ်နိုင်ငံကြီး ပါဝင်လာတာပါပဲ။ ဒါ့အပြင် ဥရောပအင်အားကြီးထဲက ဗြိတိန်ပါဝင်လာမှုပါ။ နောင်အချိန်ပြောင်းလာမယ် ပေါ့ဗျာ။ ဖက်ဒရယ်စနစ်မှာ အဓိကကျတာက အခြေခံဥပဒေပဲ ဖြစ်တယ်။ တင်းတင်းကျပ်ကျပ် သဘောရှိပါတယ်။ အခြေခံဥပဒေနဲ့ပဲ အဓိက ခွဲခြားသတ်မှတ်ထားလို့ အခြေခံဥပဒေ ရေးဆွဲရေးနဲ့ ပြင်ဆင်ရေးဟာ ဖက်ဒရယ်ရဲ့ အသက်ပဲလို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်း ၁၉၄၇ ပင်လုံစာချုပ်ကတည်းက ဖက်ဒရယ်စနစ်ကိုသွားဖို့ အဓိကရည်ရွယ်ခဲ့တာ တွေ့ရမယ်။ ဒါပေမဲ့ ၁၉၄၇ အခြေခံဥပဒေ ရေးဆွဲရာမှာ အာဏာခွဲဝေရေး ပြည်မနဲ့ပြည်နယ်ကြား ဖက်ဒရယ်စနစ်မပီသခဲ့တဲ့အမှားဟာ ဒီနေ့ထိ တိုင်ခဲ့တာ သင်ခန်းစာယူစရာပါ။ တစ်ခါထပ်ပြီး ၂၀၀၈ အခြေခံဥပဒေမှာလည်း ပြည်ထောင်စုစနစ်ဆိုပေမယ့် မှန်ကန်တဲ့ ပြည်ထောင်စုအခြေခံဥပဒေ မဟုတ်သေးဘူး ဖြစ်နေဆဲပါ။ ဒါတွေဟာ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ သတိပြုရမယ့်အချက်တွေ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်းရဲ့ နိုင်ငံရေးရည်မှန်းချက်အရ ဖက်ဒရယ်အနှစ်သာရများ အားလုံးသေချာသိရန် အရေးပါပါတယ်။

နောက်အပတ်မှာ ဖက်ဒရယ် ဝိသေသလက္ခဏာများ၊ ကောင်းကျိုးဆိုးကျိုးများ၊ သုံးသပ်ချက်များနဲ့ ကွန်ဖက်ဒရေးရှင်းအကြောင်း ဆက်လက်တင်ပြပါမယ်။

M Kawn La

# ကချင်လူငယ် ဖက်ရှင်ဒီဇိုင်နာ အလတ်လုမြန်နှင့် ခဏတာတွေ့ဆုံခြင်း



ဒီအပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ ဩစတေးလျနိုင်ငံမှ ဖက်ရှင်ဒီဇိုင်းပညာကို သင်ယူပြီး (Advance Diploma of Applied Fashion Design and Technology at Mechnology at Metropolitan South Institute of TAFE) ကို ရရှိထားတဲ့ အသက် ၂၆ နှစ်အရွယ် ကချင်လူငယ်ဒီဇိုင်နာ "အလတ်လုမြန်"နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူကတော့ မန္တလေးမြို့မှာ မွေးဖွားခဲ့ပြီး မြစ်ကြီးနား စီတာပူရပ်ကွက်ကပါ။ ဖက်ရှင်ပညာကို စိတ်အားထက်သန်စွာ သင်ယူလေ့လာရင်း နာမည်ကျော် ဒီဇိုင်နာတစ်ယောက် ဖြစ်လာရုံသာမက နိုင်ငံတကာအထိ ထိုးဖောက်နေတဲ့ လူငယ်တစ်ယောက်လည်း ဖြစ်ပါတယ်။ ယခုလက်ရှိမှာတော့ ရန်ကုန်မြို့မှာ နေထိုင်ပြီး အများနဲ့မတူဘဲ မိန်းကလေးဖက်ရှင် သီးသန့်ဒီဇိုင်းဆန်းတွေကို ဖန်တီးပေးနေပါတယ်။ ဒါကြောင့် ဖက်ရှင်ဒီဇိုင်းဆန်းတွေ ဖန်တီးပေးတတ်တဲ့ နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာအလတ်လုမြန်နဲ့ ကချင်ပြည်နယ်က စာဖတ်ပရိသတ်တွေကို မိတ်ဆက်ပေးလိုက်ရပါတယ်။

**ပထမဦးဆုံး အစ်ကို့နာမည်အပြည့်အစုံနဲ့ စတင်မိတ်ဆက်ပေးပါဦး။**

ကျွန်တော့်နာမည်ရင်းက ခွန်ထွန်းလတ်ပါ။ ဖက်ရှင်ဒီဇိုင်နာအမည်ကတော့ အလတ်လုမြန်လို့ ခေါ်ပါတယ်။

**အစ်ကို့အနေနဲ့ ဒီဇိုင်နာအလုပ်ကို ဘယ်အရွယ်ကတည်းက စတင်စိတ်ဝင်စားခဲ့တာလဲရှင့်။**

ငယ်ငယ်က High School တက်ကတည်းက ကျွန်တော်က ပုံဆွဲရတာတွေဘာတွေကြိုက်တယ်။ အဲ့ဒီ HighSchool တက်ကတည်းက ဒီဇိုင်နာအလုပ်ကိုစိတ်ဝင်စားလာတာပါ။

**ပြီးတော့ ဘယ်အရွယ်လောက်ကစပြီးတော့ ဒီဖက်ရှင် ဒီဇိုင်နာလောကထဲကို အသက်မွေးဝမ်းကျောင်း တစ်ခုအနေနဲ့ ရွေးချယ်ဝင်ရောက်လုပ်ကိုင်ခဲ့လဲဆိုတာလည်း ပြောပြပေးပါဦး။**

အစကတည်းက အသက်မွေးဝမ်းကျောင်းအနေနဲ့ ရွေးချယ်တဲ့အခါမှာ အနုပညာနဲ့ပတ်သက်တဲ့ဟာပဲ ရွေးမယ်လို့ စဉ်းစားထားတယ်။ ငယ်ငယ်ကတည်းကနေ အဲ့လိုစဉ်းစားထားတယ်။ ဒီမြန်မာပြည်မှာ ILBC high school တက်ပြီး စင်္ကာပူမှာ high school သုံးနှစ်လောက် ပြန်သွားတက်တယ်။ ပြီးမှပဲ ကျွန်တော် ဩစတြေးလျမှာ ပညာသွားသင်တော့ ဒီ ဖက်ရှင်ဒီဇိုင်နာပညာလေ့လာတာကို လက်တွေ့ရွေးချယ်ဖြစ်ခဲ့တယ်။ ပိုပြီးတော့လည်း အနုပညာနဲ့ပတ်သက်တဲ့ ပညာတွေကို ကြိုက်နှစ်သက်တယ်၊ ပိုပြီးတော့လည်း စိတ်ဝင်စားလို့ပေ့ါနော်။ အဲ့လိုရွေးချယ်ဖြစ်ခဲ့တာပါ။ ငယ်ငယ်ကတည်းက ရည်မှန်းချက်လည်း ဟုတ်တာပေ့ါ။

**ဖက်ရှင်နဲ့ ပတ်သက်ပြီးတော့ ဩစတြေးလျမှာ သင်ခဲ့တာပေ့ါနော်။ ဘယ်နှစ်နှစ်လောက် သင်ယူခဲ့ရလဲ။ တခြား ဘယ်နေရာတွေမှာ သင်ဖူးသေးလဲ။**

ဩစတြေးလျမှာတော့ဖက်ရှင်နဲ့ပတ်သက်ပြီး သုံးနှစ်တက်ခဲ့တယ်။ ပြီးတော့ UK မှာ short Course တွေရော တက်ဖြစ်သေးတယ်ပေ့ါနော်။

**ဒီဇိုင်နာအလုပ်ကို စစချင်းလုပ်တော့ ဘယ်လိုတွေ အခက်အခဲကြုံတွေ့ခဲ့ရသေးလဲဆိုတာလည်း ပြောပြပေးပါဦး။**

စစချင်းက. . . ကျွန်တော်ကတော့ အဲ့လို အခက်အခဲဆိုတာကတော့ သိပ်မရှိပါဘူး။ အားလုံးနီးပါး ပြင်ပြင်ဆင်ဆင်နဲ့သွားတယ်။ ပြန်လုပ်တဲ့အချိန်မှာရော မြန်မာနိုင်ငံက ဖက်ရှင်ဒီဇိုင်နာသူငယ်ချင်းတွေနဲ့ ရင်းနှီးတော့ သူတို့တွေကူညီပေးတဲ့အတွက် အခက်အခဲကတော့ ထွေထွေထူးထူးမရှိပါဘူး။ ကိုယ်တိုင်လည်း ဒီအလုပ်ကို စိတ်ဝင်စားတဲ့သူဆိုတော့ . . ။

**အစ်ကို့အနေနဲ့ မိန်းကလေး ဒီဇိုင်းတွေကိုပဲ ဖန်တီးရတယ်ဆိုတော့ ဒီလိုမျိုး ဒီဇိုင်းတစ်ခုနဲ့တစ်ခု မထပ်အောင် အသစ်အဆန်းတွေကို ဖန်တီးနေရတဲ့အပေါ်မှာရော ဘယ်လိုအခက်အခဲမျိုးတွေ ရှိလဲပေ့ါ။**

အခက်အခဲကတော့ ကိုယ်ကတစ်ခါတလေကျရင် ဒီဇိုင်းဆိုတာက သူများနဲ့မတူအောင်၊ တစ်ခေါက်နဲ့ မထပ်အောင် ကိုယ်ရဲ့ "Mood" ဒီဇိုင်နာတစ်ယောက်က ဒီဇိုင်းကောင်းကောင်းထွက်ဖို့ ကိုယ်ရဲ့စိတ်ကြည်လင်နေဖို့လိုတယ် ပိုအရေးကြီးတယ်၊ ဘာလို့ဆို စိတ်မရွှင်ရင် အဝတ်မချုပ်နိုင်တဲ့အထိတောင် ရှိနိုင်တယ်။ အဓိကကတော့စိတ်ပျော်နေဖို့လိုမယ်၊ ဒါမှစိတ်ကူးသစ်တွေထွက်လာမယ်ပေ့ါ။ Stress တွေ များတဲ့အခါ ဒီဇိုင်းဖန်တစ်ခုဖန်တီးဖို့ ခက်ပါတယ်။

**အဲလိုစိတ်ဖိစီးမှု Stress တွေ များတဲ့အခါမှာရော ဘယ်လိုဖြေဖျောက်လေ့ရှိလဲ။**

ကျွန်တော်က ခရီးသွားရတာကြိုက်တယ်ဆိုတော့ ခရီးသွားဖြစ်တယ်၊ ကိုယ်ပိုင်အချိန်လေးပေးတာ ပိုပြီး ပေးဖြစ်ပါတယ်။

**အစ်ကို့အနေနဲ့ ဒီဇိုင်းတစ်ခု ဖန်တီးဖို့အတွက် အချိန်ဘယ်လောက်လောက် ယူရလေ့ရှိလဲ။**

Collection တစ်ခု ပြီးဖို့ဆိုရင်တော့ နှစ်လလောက်တော့ ကြိုတင်ပြီး လုပ်လေ့ရှိတယ်။ ပိတ်စကအစ ကိုယ်တိုင် ပြန်လုပ်ယူတယ်။ အဲ့ဒါကြောင့် ပြုပြင်မှုအပိုင်း လုပ်ပြီးမှ အလှဆုံးဖြစ်အောင် ဖန်တီးပါတယ်။ နှစ်လလောက်တော့ အချိန်ယူရတာပေ့ါ။

**အများဆုံး ဘယ်သူတွေကို ချုပ်ပေးဖြစ်လဲ။**

ဘယ်သူတွေကို ချုပ်ပေးဖြစ်လဲဆိုတော့ အဓိက ကျွန်တော့် Customer တွေကတော့ ဘယ်လိုပြောရမလဲ ချမ်းသာတဲ့ အမျိုးသမီးတွေများတယ်။ နာမည်ကြီးအနုပညာရှင်တော်တော်များများကိုလည်း ချုပ်ပေးဖြစ်တယ်။ ပြီးတော့ စူပါမော်ဒယ်လ် တွေကိုရော၊ အောန်ဆိုင်းတို့၊ ဝတ်မှုံရွှေရည်၊ M-ဆိုင်းလူ၊ အိန္ဒြာကျော်ဇင်၊ အားလုံးနီးပါးတော့ ကျွန်တော်နဲ့အလုပ်တွဲလုပ်တာ များပြီပေ့ါ၊ နေခြည်ဦးလည်း ကျွန်တော့်ဆီမှာ လာချုပ်ပါတယ်။

**ကိုယ့်ရဲ့ ဖန်တီးမှုတိုင်းကိုရော ကျေနပ်အားရမှုရှိလား။**

တစ်ခုနဲ့တစ်ခုတော့ မတူဘူး။ ကျေနပ်အားရမှုတော့ရှိပါတယ်။ ဒါပေမဲ့ ကိုယ်က collection တစ်ခု ပြီးပြီဆိုရင် အမြဲတမ်း ပြန်ပြန်ကြည့်ဖြစ်တယ်၊ ဘယ်နေရာမှာ ဘာလိုသေးလဲ၊ ဘယ်လိုလုပ်ရင် ပိုကောင်းမယ်ဆိုတာတွေကိုပေ့ါနော်။ ပြန်သုံးသပ်ပြီး ပညာပြန်ယူလေ့ရှိတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ method တစ်ခုပေ့ါနော်။ ဒီမှာတော့ ဒီလိုလေး လုပ်လိုက်ရင် ပိုကောင်းသွားနိုင်တယ်။ အဲ့လိုလေးတွေ တော့ ပြန်ကြည့်ပြီးပညာပြန်ယူတယ်ပေ့ါ။ အဲ့လိုလေးတွေ တော့ ရှိပါတယ်။

**ပြီးတော့ ချုပ်ပြီးသမျှ ဒီဇိုင်းတွေထဲမှာ ဘယ်ဝတ်စုံကို စိတ်ထဲမှာ မှတ်မှတ်ရရဖြစ်နေလဲ။**

မနှစ်တုန်းက L'Ore'al Paris fashion week တုန်းက ချုပ်ပေးတဲ့ဝတ်စုံကတော့ အကြိုက်ဆုံးပဲ။ ဘာလို့ဆို အဲ့တုန်းက ဒီဇိုင်းဆိုရင် သူ့ရဲ့ Theme နဲ့ပုံစံက ကျွန်တော် အခါတိုင်း လုပ်တာနဲ့ မတူဘူး။ colourတွေ သုံးထားတာကလည်း ကျွန်တော် ပိုပြီးကြိုက်တယ်။

**ဖက်ရှင်ဒီဇိုင်နာတစ်ယောက်အနေနဲ့ အစ်ကို့ရဲ့ဖက်ရှင်အပေါ်ခံယူချက်က ဘယ်လိုမျိုး ဖြစ်မလဲ ပြောပြပေးပါဦး။**

ကျွန်တော်က ဖက်ရှင်ကို အရမ်းစိတ်ဝင်စားတဲ့ ဒီဇိုင်နာတစ်ယောက်လည်းဖြစ်တယ်။ ကျွန်တော့်အတွက်က အနုပညာက အရမ်းအရေးကြီးတယ်။ ကျွန်တော်က Quality ကို ပိုပြီး ဂရုစိုက်ဖြစ်တယ်။ Quantity ကိုတော့ သိပ်ဂရုမစိုက်တဲ့ထဲမှာ ပါတယ်။ ဒီဇိုင်နာတစ်ယောက်အနေနဲ့ပေ့ါ။ အဲ့ဒီတော့ ကျွန်တော့်ဆီက ထွက်တဲ့ဝတ်စုံဆိုရင် အကောင်းလုပ်တယ်။ ကျွန်တော့် နာမည်လည်းရအောင် အဲ့ဒီ quality ကို ထိန်းထားပြီး လုပ်တယ်။

**ဟုတ်. . . အစ်ကိုယ့်ရဲ့ ကိုယ်ပိုင်ဖက်ရှင်ရှိုးပွဲရော လုပ်ဖြစ်သေးလား။**

ကိုယ်ပိုင် ဖက်ရှင်ရှိုးပွဲတွေ တော့ ၉ပွဲ၊ ၁၀ ပွဲလောက်တော့ လုပ်ဖြစ်ပါတယ်။

**ပြီးတော့ ဖက်ရှင်ဒီဇိုင်းနဲ့ပတ်သက်ပြီး ဆုရဖူးတာတွေရော ပြောပြပေးပါဦး။**

Winner of Metropolitan South Institute of TAFE International Award 2013, winner of Flair Swimwear Award 2012 အပြင် အခြား winner ဆုတွေလည်း ရထားပါတယ်။

**အခုဆိုရင်ပြည်တွင်းမှာ သာမက International အထိပါ ထိုးဖောက်နေတဲ့ လူငယ်ဒီဇိုင်နာတစ်ယောက်အနေနဲ့ ရှေ့ဆက်ရော ဘယ်လိုတွေ လုပ်ဆောင်သွားဖို့ရှိလဲ။ ဘယ်အတိုင်းအတာအထိ မျှော်မှန်းထားလဲ။**

ဒီဖက်ရှင် ဒီဇိုင်နာအလုပ်ကို ငယ်ကတည်းကလည်း စိတ်ဝင်စားခဲ့ပြီး၊ ကြိုးစားလေ့လာသင်ယူခဲ့တယ်။ မသိတာတွေကတော့ အများကြီးရှိတယ်။ အဲ့ဒါတွေကို ကျွန်တော် သေချာလေး သင်ယူခဲ့တယ်။ ပြီးတော့ ဒီမြန်မာပြည်မှာ နာမည်ကြီး ဖက်ရှင်ဒီဇိုင်နာတစ်ယောက်အနေနဲ့ လုပ်ခွင့်ရခဲ့တယ်၊ ပိုပြီးတော့ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာပိုပြီးကြိုးစားလုပ်ဆောင်သွားဖို့ ရှိတယ်၊ ကိုယ်ပိုင် brandတစ်ခု ရအောင်လုပ်မယ်။ ပြီးမှ international market ထိဝင်ဖို့ ရည်ရွယ်ထားပါတယ်။

**လတ်တလောလှုပ်ရှားမှုတွေကိုလည်း ပြောပြပေးပါဦး အစ်ကို။**

လတ်တလောဆိုရင်တော့ L'Ore'al Paris fashion week သွားတဲ့ ဝတ်မှုံရွှေရည်နဲ့နေခြည်ဦးတို့ရဲ့ဝတ်စုံကို ချုပ်ပေးဖြစ်ခဲ့ပါတယ်။

**ကိုယ်ပိုင်သင်တန်းတွေ ဖွင့်ထားတာရော ရှိလား။ နောက်ပိုင်းကျရင် ဖက်ရှင်ဒီဇိုင်းနဲ့ပတ်သက်ပြီး ဘယ်လိုတွေ လုပ်သွားဖို့ ရှိလဲ။**

ကိုယ်ပိုင်သင်တန်းတွေ ဖွင့်ထားတာတော့ မရှိသေးဘူး။ အချိန်လည်း ယူချင်သေးတယ်။ နောက်ပိုင်းကျရင် ဖွင့်ဖို့တော့ အစီအစဉ်ရှိတယ်၊ ဖွင့်မယ်ဆိုရင် ကျွန်တော်က ဒီဇိုင်းနဲ့ပတ်သက်ပြီးတော့ ဖွင့်ဖို့ရှိတယ်၊ စက်ချုပ်တာ မဟုတ်ဘဲနဲ့ပေ့ါ။ Fashion ပိုင်းဘက်နဲ့ပတ်သက်ပြီး ဖွင့်ဖြစ်သွားဖို့တော့ရှိပါတယ်။

**တက်သစ်စ ဖက်ရှင်ဒီဇိုင်နာတွေကိုရော ဘာများအကြံပေးချင်လဲ။**

ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်ဖို့က ကိုယ်တိုင်လည်း ပိုပြီးလုပ်ချင်စွမ်း ရှိရမယ်။ တစ်ခါတလေကျရင် ဒီ Fashion က သူများနိုင်ငံနဲ့ယှဉ်ရင် ဘာမှမဟုတ်သေးဘူး။ အခုမှတိုးတက်ခါစပဲ ရှိသေးတယ်ဆိုတော့ ကြိုးစားဖို့ပြောချင်တယ်။ ကိုယ်တိုင်လည်း Fashion ရှိဖို့တော့ လိုမယ်။ အရမ်းလေ့လာရမယ်။ ပြီးတော့ အချိန်ကို ပိုပြီး တန်ဖိုးရှိအောင် လုပ်ပြီး အဲ့လိုလုပ်မယ်ဆိုရင်တော့ အောင်မြင်မှုရလာမယ်လို့ ပြောချင်ပါတယ်။

ဟုတ် အခုလို ဖြေကြားပေးတဲ့အတွက် ဖက်ရှင်ဒီဇိုင်နာ အလတ်လုမြန်ကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးအများကြီး တင်ပါတယ်။

ဟုတ်၊ ကျွန်တော်လည်း မြစ်ကြီးနားသတင်းဂျာနယ်ကို ကျေးဇူးအများကြီး တင်ပါတယ်။

Benadeth


EXTRA စတောက် အခွင့်အရေး
သိန်း ၁၀၀ (၃)ဆု
ABC EXTRA STOUT
သိန်း(၁၀၀)ကျပ် (၁၀၀၀)ကျပ် (၅၀၀)ကျပ်
ONE THD
FIVE HRD
(၁)ဗူး ကျေးဇူးတင်ပါသည်
THANKS
၂၀၁၈ စက်တင်ဘာ(၁)ရက်နေ့မှ ပစ္စည်းလက်ကျန် ရှိသည့်အချိန်အထိ
တောင်ကြီး၊ မြစ်ကြီးနား၊ မကွေးမြို့သီးသန့် (အခြားမြို့များတွင်လဲလှယ်၍မရပါ)
ဆုမဲများကို ၂၀၁၈၊ နိုဝင်ဘာ(၁၅)ရက်ထိသာလဲလှယ်နိုင်ပါသည်။
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဗူးလက်ဆောင်များကို ဝယ်ယူသည့် အရောင်းဆိုင်များတွင် တစ်ခါတည်း ထုတ်ယူနိုင်ပါသည်။ မဲပေါက်သော ဘီယာဗူးလက်ဆောင် များအား မဲမပါသော ရိုးရိုးသံဗူးများဖြင့်သာ လဲလှယ်ပေးပါမည်။ တောင်ကြီး၊ မြစ်ကြီးနား နှင့် မကွေးမြို့များတွင်သာ ဆုမဲ လဲလှယ်နိုင်သည်။
၃ သိန်း (၁၀၀) ဆုမဲကြီးအား ရန်ကုန်မြို့ ရုံးချုပ်တွင်သာ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။
၄ အကယ်၍ အငြင်းပွားမှုများ (သို့မဟုတ်) အတုအပ ပြုလုပ်မှုများနှင့် မမှန်ကန်သော နည်းလမ်းများ တစုံတရာ ပေါ်ပေါက်လာပါက ABC Extra Stout ( HEINEKEN Myanmar Enterprise Limited) သည်သာလျှင် အတည်ပြု ဆုံးဖြတ်ခွင့်နှင့် သဘောတူ လုပ်ပိုင်ခွင့် အပြည့်အဝ အလုံးစုံရှိသည်။
၅ HEINEKEN Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖက်စပ် ကုမ္ပဏီများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့် မိသားစု ဆွေမျိုးများ ပါဝင်ကံစမ်းခွင့်မရှိပါ။
အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို
www.facebook.com/ABCExtraStoutMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
+18 ABC EXTRA STOUT အား ချင့်ချိန်၍သာ သောက်သုံးပါ